> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> လောကဌ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဌ် ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၀၄)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနင်္ဂနွေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၊ စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေး၊ ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ မြသပိတ် ဆွမ်းတော်၊ ပန်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ငြမ်းစေတီပေါ်သို့တက်ရောက်၍ စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်မြတ်၏ကြွခိုင်မှုအား **စာမျက်နှာ ၁၆ ကော်လံ ၅** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်မြတ်၏ကြွခိုင်မှုအား ကြည့်ရှုစစ်ဆေးဖူးမြော်ကြည်ညိုစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်)

# နိုင်ငံ့စီးပွားမြှင့်တင်သည့် ထုတ်ကုန်ပြပွဲပြိုင်ပွဲ

နိုင်ငံ့စီးပွားမြင့်မားရေးအတွက် တိုးတက်နေသည့် နည်းပညာများအသုံးပြုလျက်ရှိရာတွင် MSME ထုတ်ကုန်များသည်လည်း အဓိကပါဝင်သည်။ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အရည်အသွေး၊ အဆင့်အတန်းမြင့်မားစွာထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်ကလိုအပ်သည်များကူညီပံ့ပိုးပေးလျက်ရှိသောကြောင့် လုပ်ငန်းများမှာ ယခင်ကထက်တိုးတက်လာနေပြီဖြစ်သည်။ မိမိတို့နိုင်ငံအတွင်း ထုတ်ကုန်များပိုမိုမြင့်မားစွာထုတ်လုပ်နိုင်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ထိုးဖောက်နိုင်ရေးအတွက် ကြိုးပမ်းနိုင်ကြရမည်ဖြစ်သည်။ ပြည်ပသို့များစွာတင်ပို့နိုင်လေလေ နိုင်ငံခြားဝင်ငွေရရှိနိုင်လေလေဖြစ်ပေမည်။ နိုင်ငံခြားဝင်ငွေစီးဆင်းမှုများပြားလာစေရေးအတွက် ပြည်ပသို့ထုတ်ကုန်များပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လူတိုင်းသည် အဝတ်ကောင်း၊ အစားကောင်း၊ အသုံးအဆောင်ကောင်းကို နှစ်သက်ကြသည်ဖြစ်ရာ အဆိုပါလိုအပ်ချက်ကို MSME လုပ်ငန်းများက ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှစ၍ ကျင်းပလျက်ရှိသည်။ ပြပွဲစတင်သည့်ရက်မှစတင်၍ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများ၊ MSME လုပ်ငန်းရှင်များ တစ်ခဲနက်လာရောက်ကြပြီး အထူးစိတ်ပါဝင်စားစွာပါဝင်ကြည့်ရှုလျက်ရှိကြသည်။ မိမိနိုင်ငံ၏ကုန်ထုတ်လုပ်ငန်းများတိုးတက်မှုကို ကိုယ်တိုင်မြင်တွေ့ကြရပြီဖြစ်သည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲမှာ နေ့စဉ်နှင့်အမျှ ပြည်သူများစည်ကားများပြားစွာ လာရောက်ကြည့်ရှုလေ့လာဝယ်ယူအားပေးမှုများရှိနေသည့်အတွက် နောက်ထပ်နှစ်ရက်တိုး၍ ကျင်းပရသည်အထိဖြစ်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆိုအကဖျော်ဖြေမှုများဖြင့် စည်ကားများပြားလျက်ရှိပြီး ရောင်းချသည့်ကုန်ပစ္စည်းဈေးနှုန်းများမှာလည်း အထူးပင်သက်သာလှသည်။ လာရောက်လေ့လာကြသည့် လုပ်ငန်းရှင်များအား ပြခန်းတာဝန်ရှိသူများက အရည်အသွေးမြင့်စက်ယန္တရားများ၏ ထူးခြားသာလွန်စွမ်းဆောင်ရည်များအကြောင်း၊ နိုင်ငံတကာအဆင့်မီယန္တရားများ ဝယ်ယူတပ်ဆင်မှုများအကြောင်းနှင့် ဈေးကွက်စီးပွားရေးလိုအပ်ချက်များကို အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြသပေးသည်။

စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာ့စီးပွားရေးအရှိန်အဟုန်သည် မြင့်မားလာနေပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံခြားမှငွေကြေးပံ့ပိုးမှုလုံးဝရယူထားခြင်းမရှိဘဲ ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခင်အစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုမှ နိုင်ငံခြားငွေလိုအပ်မှုမှာ ၂၄ ဘီလီယံကျော်ရှိခဲ့သည်။ လိုအပ်သည့် နိုင်ငံခြားငွေများကို အခြားပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများနှင့် Non Trade များမှရရှိသည့်ငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြသည်။ ပြည်ပမှချေးငွေများမှာ သတ်မှတ်ကာလတွင် ပြန်လည်ပေးဆပ်ရမည့်ငွေကြေးများဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၁ ရက်က တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ် **"တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင်လုပ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက်ကျဆင်းသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာလျှင် ပို့ကုန်ကဏ္ဍတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ၏အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ အခြားနိုင်ငံများကဲ့သို့ ထုတ်လုပ်မှုစွမ်းရည်မြင့်မားစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်စေရေးကို အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်းတိုးတက်လာမည်ဖြစ်သည်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ထုတ်ကုန်များကို တစုတစည်းတည်းတွေ့မြင်ရပြီး အားသာချက်၊ အားနည်းချက်များ၊ ဒေသအလိုက် ဆောင်ရွက်ချက်များကို တွေ့မြင်သိရှိရသည့်အတွက် ပြည်သူများနှင့်လုပ်ငန်းရှင်များအတွက် အကြီးအကျယ်ဆုံးသောအခွင့်အရေးပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများအတွက်လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များရရှိစေရေး Polytechnic တက္ကသိုလ်များ၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်ပေးသွားမည်ဖြစ်ပေရာ MSME ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူအားလုံးက လက်တွဲပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကြီး နှစ်ရက်တိုး၍ ကျင်းပသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ပြခန်းတာဝန်ခံများနှင့် ပြည်နယ်/တိုင်းဒေသကြီး အေဂျင်စီများအချင်းချင်းတွေ့ဆုံ၍ မိမိတို့၏ထုတ်ကုန်များကို နေရာအနှံ့ချိတ်ဆက်ဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ကြရန်လည်းကောင်း၊ ပြပွဲစတင်သည့်ရက်မှစ၍ ရုံးဖွင့်ရက်အတွင်းမှာပင် လာရောက်လေ့လာဝယ်ယူကြသည့် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက ပိုမိုလေ့လာမှတ်သားနိုင်ရန်နှင့် မိမိတို့လိုအပ်သော ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူအားပေးနိုင်ရန်အတွက်လည်းကောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နီးရပ်ဝေးမှ ရုံးဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများလာရောက်လေ့လာဝယ်ယူအားပေးနိုင်ရေး ရှေးရှု၍လည်းကောင်း MSME ထုတ်ကုန်ပြပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်မှ ၁၆ ရက်ထိ ထပ်မံတိုးမြှင့်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကျင်းပမည့် စာသင်ကျောင်းများ၌ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

အောင်လံ ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မတ်လတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကျင်းပမည့် စာစစ်ဌာန စာသင်ကျောင်းများ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အောင်လံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထက်ဇော်မင်းက မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရန် မီးသတိပြုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများလဲလှယ်ရန်၊ မီးချိတ်မီးကပ်၊ ရေပုံး၊ သဲပုံးများပြုလုပ်ထားရှိရန်၊ မီးသတ်ဆေးဘူးများ ပြန်လည်ဖြည့်တင်းထားရှိရန်၊ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်အမှိုက်များရှင်းလင်းထားရှိရန် မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ယွန်းပညာကောလိပ်နှင့် ပတ်ဝန်းကျင်တို့တွင် သန့်ရှင်းရေးဆောင်ရွက်

ညောင်ဦး ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ယွန်းပညာကောလိပ်ဝင်းအတွင်းနှင့် ကောလိပ်ပတ်ဝန်းကျင်ရှိဘုရားများ၌ ယနေ့နံနက်ပိုင်းတွင် ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ကြောင်း သိရသည်။

ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်တာဝန်ရှိသူများ ဦးဆောင်မှုဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ယွန်းပညာကောလိပ်ဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များနှင့် အမှိုက်များကို သန့်ရှင်းရေးဆောင်ရွက်သည်။ ထို့နောက် ယွန်းပညာကောလိပ်ပတ်ဝန်းကျင်ရှိ ဂူပိစပ်ကြီးဘုရား၊ ဂူပိစပ်လေးဘုရားဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များကို ညောင်ဦးခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ပြီး ချုံနွယ်အမှိုက်များကို အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျစွန့်ပစ်ကြောင်း သိရသည်။

**ဒီပါလင်း**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၆-၂-၂၀၂၅(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ |
| ၃။ | ၁၃:၃၀ | Music Crazy |
| ၄။ | ၁၄:၅၅ | Sporty Zone |
| ၅။ | ၁၈:၂၀ | Relaxing Moment |
| ၆။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၈)ကြိမ်မြောက် မိသားစုမြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၈)ကြိမ်မြောက် မိသားစုမြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာတို့၏ (၁၂)လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက် ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကိုဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံအဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၈)ကြိမ်မြောက် မိသားစုမြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်၊ စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မှော်ဘီမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေမြယာအထက်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟိုမြို့မကျောင်းတိုက်ရှိ သံဃာတော် ၆၄ ပါးနှင့် ဒေသခံပြည်သူ ၁၂၅ ဦးတို့အား အဆိုပါကျောင်းတိုက်၌ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဆောင်ရွက်ပေးခြင်းနှင့်ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အပါအဝင် မြို့နယ်(၁၆)မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံ(ဂန္ဓီဆေးရုံ)၌လည်းကောင်း၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်ရှိ အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံ၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

၁၅-၂-၂၀၂၅

## ထူးခြားသည့်ညအပူချိန်များ

| | | | | |
|---|---|---|---|---|
| နမ့်စန် | ၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | |
| ဟားခါး | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းဆတ် | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ပထမအကြိမ် စိတ်ပျက်မိခြင်း

ကျွန်ုပ်သည် အင်္ဂလိပ်အရာရှိ အိုင်စီအက်စ်များ အပေါ်၌ အထင်ကြီး၍ ကြည်ညိုဖူးခြင်းကို အထက်တွင်ဖော်ပြခဲ့ရာ ပထမအကြိမ် မကျေမချမ်းဖြစ်ခဲ့ရဖူးခြင်းကို တင်ပြရပေမည်။ ကျွန်ုပ်၏ ဗိုလ်မစ္စတာကလေတင်တည်းခိုသော ပဲခူးကလပ်၌ ကလပ်မင်းဘားဒွေ့သည်များတည်းခိုရန်အတွက် အဆောက်အအုံသီးသန့်ရှိလေရာ ဧည့်သည်ဗိုလ်ကြီးများ၏ အိပ်ခန်းမှ ရေချိုးခန်းသို့သွားသော လမ်းကြားလေးတွင် ကျွန်ုပ်နှင့်အစေခံများ အိပ်ကြရ၏။ တစ်နံနက်၌ ဗိုလ်ကြီးတစ်ယောက်သည် အိပ်ရာမှ စောစောထ၍ ရေချိုးခန်းသို့သွားရာတွင် လမ်းကြား၌ရှိသော ကျွန်ုပ်၏အိပ်ရာနှင့် ခေါင်းအုံးများကို ခြေထောက်နှင့် တမင်ခတ်သွား၏။ တခြားဗိုလ်ကြီးများသည် အစေခံမပါကြဘဲ ကျွန်ုပ်၏ မင်းကြီးတစ်ယောက်သည်သာလျှင် ကျွန်ုပ်နှင့် ချာပရာစီများကို ဤလမ်းကြားလေးထဲ၌ အိပ်စေခြင်းဖြစ်ရာ ထိုအရာရှိသည် ကျွန်ုပ်တို့ကို ရှုပ်သည်ဟု ထင်သောကြောင့်သော်လည်းကောင်း သို့တည်းမဟုတ် ကျွန်ုပ်တို့၏ မင်းကြီးနှင့် မသင့်မြတ်သောကြောင့်သော်လည်းကောင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကား အချည်းနှီးသက်သက် စော်ကားခြင်းဖြစ်သည်ဟု ယူဆမိသည်။ ဤအကြောင်းကို မင်းကြီးအား တိုင်မည်ကြံပါသေး၏။ သို့သော် မင်းကြီးက အရေးယူလျှင်လည်း ယူမည်၊ မယူဘဲနေလျှင်လည်း နေမည်။ အရေးယူခဲ့လျှင် ဗိုလ်နှစ်ယောက် ရန်ဖြစ်ကြမည်။ (မစ္စတာကလေတင်ကား ဗိုလ်ချင်းရန်ဖြစ်ဖို့ ဦးမလေးသူ တစ်ယောက်ဖြစ်ကြောင်းကို နောင်တွင်သိရသည်။) အရေးမယူဘဲနေလျှင်လည်း ကျွန်ုပ်၏စိတ်၌ သာ၍ထိခိုက်မည်။ ထို့ကြောင့် အရေးယူမကောင်း၊ မယူမကောင်းဖြစ်သည်ဆိုကာ မတိုင်ဘဲထားလိုက်ပါတော့သည်။ ဤအကြောင်းကို ကိုမြစ်အားပြောပြရာ " သူတို့ထဲက တချို့ကောင်တွေ မကောင်းဘူးဗျာ၊ သို့သော် နည်းတော့ နည်းပါတယ်"ဟု ပြန်ပြောလေသည်။

### အသွင်တူချင်း တွေ့ရပုံ

ထိုကဲ့သို့ ဝင်ငွေကလေး တော်တော်ကောင်းလျက်ရှိသောအချိန်တွင် ကျွန်ုပ်၏ချို့ယွင်းချက်လေးများသည် ဦးခေါင်းပြူ၍ ထွက်လာကြလေပြီ။ စံဒေဝီနှင့်အကြောင်းပါခဲ့ပါမူကား ကျွန်ုပ်သည် လခနှင့်စား၍ ခရီးစရိတ်ကို ကိုယ့်သားမယားလုပအောင်ဆိုကာ ကျစ်ကျစ်ပါအောင်ထုပ်ပြီး စုထားသည်ဖြစ်စေ သို့တည်းမဟုတ် သူ့လက်ဝယ်သို့အပ်ကာ စုဆောင်းထားသည်ဖြစ်စေ ပြုလုပ်လိမ့်မည်ထင်၏။ ယခုသော် ငွေကလေး ရှင်လာသည်တွင် ပျော်ပျော်ကလေး



နေချင်တတ်သော ဝါသနာ၏ဖျက်ဆီးခြင်းကို ခံရလေတော့သည်။ ဤရုံးသို့ရောက်ခါစက ကိုခင်မောင်တင့်အမည်ရှိ စာရေးတစ်ယောက်နှင့် ကျွန်ုပ်သည် မြင်လျှင်မြင်ချင်း ခင်မင်ကြ၏။ ကိုခင်မောင်တင့်မှာ ဘီလပ်သို့သွား၍ လယ်ယာစိုက်ပျိုးရေးပညာသင်ခဲ့သူဖြစ်ရာ ကျောင်းတက်ခြင်းထက် အပျော်ဘက်တွင် အချိန်ဖြုန်းခဲ့ခြင်းကြောင့် စာမေးပွဲမအောင်ခဲ့ဘဲ နောက်ဆုံးတွင် ဤရုံး၌ စာရေးအဖြစ်နှင့် ဝင်ရောက်အမှုထမ်းရလေသည်။ ကျွန်ုပ်တွေ့ဖူးသမျှသော 'ဘီလပ်ပြန်'များအနက်တွင် ဤလူသည် ဘီလပ်၏ပျော်စရာကောင်းခြင်းကို အကျယ်အနက်ဆုံးပြောပြတတ်သူတစ်ယောက်ဖြစ်၏။ ဘီလပ်မှ ပြန်ရောက်သည်မှာ သုံးလေးနှစ်ရှိပြီဖြစ်သော်လည်း ယမန်နေ့ကမှ ပြန်ရောက်လာသည့်နှယ် လန်ဒန်မြို့ကြီး၌ သူတွေ့မြင်ခဲ့ရပုံများအကြောင်းကို ကွင်းကွင်းကွက်ကွက်မြင်လာအောင် သရုပ်ပါပါပြောပြတတ်သူဖြစ်၏။ ကျွန်ုပ်ကလည်း လန်ဒန်မြို့ကြီး၏ အရှုပ်တော်ပုံဝတ္ထုကြီးများကို ဖတ်ထားသူဖြစ်ရာ သူပြောပြသောအကြောင်းအရာများကို အပြည့်အဝ အရသာခံစားတတ်သည့်အပြင် ရပ်ကွက်အမည်၊ လမ်းအမည် စသည်များကိုလည်း သူမမေ့နေသောအခါများ၌ ထောက်ပေးနိုင်ပေရကား သူနှင့်ကျွန်ုပ်မှာ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အထင်ကြီး၍ တစ်နေ့တခြားတိုး၍ ခင်မင်လာကြလေတော့သည်။ စိတ်မကြွခိုင်ပုံ၊ ပျော်ပျော်နေတတ်ပုံချင်းလည်း တူညီကြသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့နှစ်ယောက်မှာ တစ်သက်ပတ်လုံး ခင်မင်ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ရောက်လာကြပါတော့သည်။

### စွဲတတ်သော ဝါသနာ

တစ်နေ့သ၌ ကိုခင်မောင်တင့်သည် ကျွန်ုပ်အားဘီလိယက်ခုံတစ်ခုသို့ခေါ်သွား၍ တခြားလူတစ်ယောက်နှင့်ကစားပြရာ 'စုံ'ချင်သော ဝါသနာရှိသည့်ကျွန်ုပ်သည် အလွန်တရာ စိတ်ဝင်စားစွာနှင့် စောင့်ကြည့်လျက်ရှိ၏။ သူတို့ ကစားပြီးကြသောအခါ ကျွန်ုပ်သည် ကျူတံကိုကောက်ကိုင်၍ ဘောလုံးများကို ထိုးကြည့်၏။ အလွန်အရသာတွေ့လှသည်။ ထို့နောက် ကိုခင်မောင်တင့်အား သင်ပြပေးစေ၍ ဘီလိယက်ထိုးတော့ရာ တစ်နေ့တခြား ဝါသနာကြီးလာတော့၏။ တတ်နိုင်လျှင် ညနေတိုင်းကစားချင်၏။ သို့ရာတွင် ထိုစဉ်ကမူ ကျွန်ုပ်၏လခမှာ ၅၀ ကျပ်မျှသာရသေးသည်နှင့် တစ်နာရီလျှင် တစ်ကျပ်ပေးရသောကစားနည်းမျိုး၌ တစ်ခါတစ်ရံမျှလောက်သာ ကစားနိုင်၏။ မင်းကြီး၏ တောလိုက်စာရေးဖြစ်လာသောအခါ၌မူ တစ်လလျှင် ဝင်ငွေ ၂၀၀ ကျပ်ခန့် ရရှိလာသည်ဖြစ်သောကြောင့် ဘီလိယက်ခုံတွင် အချိန်အတန်ကြာကြီး ဖြုန်းနိုင်ခဲ့လေပြီ။ မင်းကြီးနှင့် နယ်လှည့်ရာတွင် ရောက်လေရာမြို့ကြီးများ၌ ဘီလိယက်ခုံရှာပြီး အားလပ်သလောက် ကစားပါတော့သည်။ ကျွန်ုပ်မှာ အားကစားအလုပ်မျိုး၌ဖြစ်စေ၊ လောင်းကစားအလုပ်မျိုး၌ဖြစ်စေ အလေ့အကျင့်မလုပ်ဘဲနေတော့မှုနေစေ၊ အလေ့အထလုပ်လိုက်သည်နှင့်တစ်ပြိုင်နက် စွဲတတ်သောအကျင့်ဆိုးရှိ၏။ ဘီလိယက် စသည့် အားကစားအလုပ်မျိုး၌လည်းကောင်း၊ ဘာဂျာ၊ စန္ဒရား၊ စောင်း စသောအတီးအမှုတ်မျိုး၌လည်းကောင်း အစပြုလိုက်လျှင် စွဲတတ်သောကြောင့် တခြားလူများထက် တတ်လွယ်၏။ သုံးလလောက်ကျင့်လိုက်လျှင် တစ်နှစ်သမားလောက်တတ်လာ၏။ သို့ရာတွင် အချွန်အမွန် ဖြစ်လာဖို့ကား ဇာတာပါဟန်မတူချေ။ အချို့က ကျွန်ုပ်၏ တတ်လွယ်ခြင်းကြောင့် အထင်ကြီးတတ်ကြ၏။ သို့ရာတွင် ရှေ့လျှောက်တော့ ဘာမှမဟုတ်လှခြင်းကို တွေ့ကြရသည်။ ဘီလိယက်၌ ကျွန်ုပ်စွဲလိုက်ပုံကို ဖော်ပြရသော် လူနှစ်ယောက် ထိုင်နေကြခြင်းကိုမြင်ရသည့်အခါ ကျွန်ုပ်၏နေရာမှ 'ကယ်နင်' (Cannon) ထိုး၍ စမ်းတော့၏။ အိပ်ရာထဲ၌ ပက်လက်လှန်အိပ်စဉ် ခြင်ထောင်ကို ဘီလိယက်ခုံသဖွယ်ထားပြီး 'ကယ်နင်'၊ 'အင်းနော့ဖ်'၊ 'ပေ့ါတ်' စသည်ဖြင့် စိတ်ကူးနှင့်ထိုးကစားတော့သည်။ ထိုစဉ်ကမူ ဘီလိယက်ထိုးရခြင်းကဲ့သို့ စိတ်ဝင်စားဖို့ကောင်း၍ ပျော်စရာကောင်းသောအလုပ်သည် ကမ္ဘာလောကကြီးတွင် ဘယ်မှာမှ မရှိချေပြီတကားဟု အောက်မေ့မိသည်။ အင်္ဂလန်ပြည်၌ မြေပိုင်ရှင်သူဌေးကြီးများသည် မိမိတို့၏နေအိမ်၌ ဘီလိယက်ခန်းဟု သီးသန့်ထားပြီး ဘီလိယက်ခုံတွင် မိမိ၏နေအိမ်သို့အလည်လာသော ဧည့်သည်များနှင့် ကစားကြသည်ဟု ဖတ်ရဖူးရာ ဤလူမျိုးကဲ့သို့ ပျော်ရသောလူမျိုးသည် လူ့ပြည်၌ မရှိနိုင်ပြီဟူ၍ သွားရည်ကျခဲ့မိဖူးပါသည်။ သို့နှင့် ကျွန်ုပ်သည် နယ်လှည့်စဉ်၌လည်းကောင်း၊ မန္တလေးသို့ပြန်ရောက်သောအခါ၌လည်းကောင်း ဘီလိယက်ခုံတွင် တတ်နိုင်သမျှ အချိန်ရသလောက်ကစားပါလေတော့သည်။

### မိန်းမရပုံ အရေးကြီးခြင်း

ကျွန်ုပ်၏မိတ်ဆွေ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်မှာ ဘီလိယက်ဝါသနာအိုးချင်းတူ၏။ သူ၏ဝင်ငွေမှာ (ကျွန်ုပ်ကဲ့သို့ ခရီးစရိတ်မရသောကြောင့်) မများလှသော်လည်း သူ၏မိဘရော၊ ယောက္ခမကြီးကပါ ဝိုင်းဝန်းထောက်ပံ့ကြသည်နှင့် ကျွန်ုပ်ကဲ့သို့ပင် သုံးဖြုန်းနိုင်သူတစ်ယောက်ဖြစ်၏။ သို့ရာတွင် ခြားနားချက်တစ်ခုရှိသည်မှာ သူသည် 'စိတ်တိုင်းကျ' မိန်းမတစ်ယောက်ကိုရရှိထားသူဖြစ်၍ သူ့အိမ်မှ တစ်ပါး တခြားနေရာတွင် အနည်းဆုံးအချိန်ဖြုန်း၏။ ဘီလိယက်ခုံသို့ တစ်ခါတစ်ရံတွင်သာလျှင် တစ်နာရီခန့်နှင့် ပြန်သွားလေ့ရှိ၏။ ကျွန်ုပ်လည်း စံဒေဝီနှင့်ဆိုလျှင် သူ့အတိုင်းပြုလိမ့်မည်ထင်၏။ ယခုသော် (ကျွန်ုပ်၏ဇနီး၌ အပြစ်မရှိသော်လည်း) စံဒေဝီကဲ့သို့ လိုက်လိုက်လဲ့လဲ့ကြီးမဟုတ်လှသောကြောင့် ငွေရှင်သည်ဆိုလျှင်ပင် ဘီလိယက်ခုံများ၌ အလွန်အမင်း အချိန်ဖြုန်းမိပါတော့သည်။ ဇနီးမှာလည်း ကျွန်ုပ်ထက်ငယ်လှ၍ (လက်ထပ်စဉ်က ၁၆ နှစ်မျှသာရှိသေးသည်။) ချောင်ချောင်လည်လည်နေရသည်ဆိုလျှင် တော်လောက်ပေပြီဆိုကာ ကျေနပ်နိုင်သည်ဖြစ်သောကြောင့် ကျွန်ုပ်မှာ ကျေကျေနပ်နပ်ပင် တစ်နေ့တခြား ပျော်ပျော်ပါးပါးနေရလျက်ရှိပါတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်းပိဿာ ၇၃၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း ဖေဖော်ဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ငရုတ်သီးစိမ်းပိဿာ ၇၃၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဌေးဌေး၏ပြောပြချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငရုတ်သီးစိမ်းပိဿာ ၇၃၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

''ဒေသထွက်လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ညောင်တုန်းမြို့နယ်ကထွက်ရှိတဲ့ ငရုတ်သီးစိမ်းတွေက အရည်အသွေးကောင်းတော့ မှာယူတဲ့သူတွေများပါတယ်''ဟု ဒေါ်ဌေးဌေးကပြောသည်။

ညောင်တုန်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ လက်ရှိ ငရုတ်သီးစိမ်းများ တင်ပို့အားကောင်းလာခြင်း၊ ငရုတ်အရည်အသွေး ကောင်းမွန်ခြင်းတို့ကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များနှင့် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်နေကြောင်း၊ ငရုတ်သီးစိမ်းများ တင်ပို့ရောင်းချနေရခြင်းကြောင့် ဒေသဈေးကွက်အတွင်း ငရုတ်သီးဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ရေဒီယိုထုတ်လွှင့်မှုကို MRTV Radio Application ဖြင့် Online လွှင့်တင်မှုအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

၁ ကျောဖုံးမှအဆက်

တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ တိုင်းရင်းသားဝန်ထမ်းများနှင့် အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားအတွက် ငွေကျပ်(၇၅)သိန်းကို ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်စဉ်။

ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ပင်မအဆောက်အဦရှိ Auditorium ခန်းမ၌ LED Animation ပြသ၍ စတင်ဖွင့်လှစ်သည်။ ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှဝန်ထမ်းများက “ငြိမ်းချမ်းဝေစည် တို့မြန်ပြည်” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး “နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ” Video Clip ကို ပြသသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV Entertainment Channel ရုပ်သံလိုင်းအသစ်၊ MRTV DVB – T2 စနစ်ဖြင့် ရန်ကုန်၊ နေပြည်တော် (ပျဉ်းမနား)နှင့် စစ်ကိုင်း(မန္တလေး)တို့တွင် High Definition (HD) အရည်အသွေးဖြင့် ရုပ်သံလိုင်း(၁၂) လိုင်းထုတ်လွှင့်နေမှုမှ (၁)လိုင်း ထပ်မံတိုးချဲ့၍ Mahar HD ရုပ်သံလိုင်းအသစ် ထုတ်လွှင့်မှုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ရေဒီယိုထုတ်လွှင့်မှုကို MRTV Radio Application ဖြင့် Online လွှင့်တင်မှုတို့အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏အစ “ရန်ကုန် ရေဒီယို (Rangoon Radio)”ကဟုခေါ်တွင်ခဲ့ရာက “ဗမာ့အသံ (Burma Broadcasting Service – BBS)”ဟု အမည်ပြင်ဆင်ခဲ့သည့် ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း။

နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏(၆၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယကစတင်ပြီး ကျင်းပခဲ့ရာ ယခုအခါ (၁၈)ကြိမ်မြောက် ကျင်းပနိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုလိုအခမ်းအနားကို တက်ရောက်အမှာစကားပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် မိမိတို့နိုင်ငံတွင် ကာလရှည်ကြာအစဉ်အလာနှင့် ရပ်တည်ခဲ့သည့်နိုင်ငံပိုင်မီဒီယာဌာနကြီး တစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့်ပြည်သူ့အတွက်တာဝန်ကျေပွန်ခဲ့သလို ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ထို့ကြောင့်ယခုကဲ့သို့ (၇၉)နှစ်ပြည့်မြောက်သည့် သမိုင်းမော်ကွန်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်နှင့် ဝင့်ဝင့်ကြွားကြွားစိုက်ထူနိုင်ခြင်းပင်ဖြစ်သည်ဟု အသိအမှတ်ပြုပြောကြားလိုကြောင်း။

MRTV ၏ နှစ်ပတ်လည်နေ့အခမ်းအနားနေ့များတွင် ပြုပြင်ပြောင်းလဲဆန်းသစ်မှုများကို တစ်နှစ်ထက်တစ်နှစ်၊ တစ်ခုပြီးတစ်ခု တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူကို ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်း၊ အသိပညာပေးခြင်းများ ပိုမိုဆောင်ရွက်ပေးနိုင်သည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့မြင်နေရကြောင်း။

(၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နေပြည်တော်၌ လေ့လာဖွယ်ရာနေရာအသစ်တစ်ခုဖြစ်လာသည့် တစ်မူထူးခြားသော “MRTV စိန်ရတုပြတိုက်ကြီး” ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင်

**စာမျက်နှာ ၆ သို့ ၁**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း MRTV Multiplayout Package တွင် မူလရုပ်သံလိုင်း(၁၈)လိုင်းမှ (၁၉)လိုင်းအထိ တိုးချဲ့ထုတ်လုပ်နိုင်ရန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စက်မှုဌာနခွဲ၊ Earth Station ဌာနစိတ်မှဝန်ထမ်းများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော် (ပျဉ်းမနား)၊ ရန်ကုန်နှင့်စစ်ကိုင်း(မန္တလေး)မြို့တို့တွင် HD ရုပ်သံလိုင်း(၃)လိုင်း တိုးမြှင့်ထုတ်လွှင့်နိုင်ရန်ကြိုးပမ်းခဲ့သော လွှင့်စက်ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်မှဝန်ထမ်းများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးလုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ကြည့်ရှုစဉ်။

**⊃ စာမျက်နှာ ၅ မှအဆက်**

နိုင်ငံတကာရုပ်သံဌာနကြီးများ၏ သတင်းသီးသန့်ရုပ်သံလိုင်းများလို "MRTV News Channel" အသစ်တစ်ခုနှင့် တစ်နိုင်ငံလုံးလွှမ်းခြုံထုတ်လွှင့်နိုင်သည့် ဒစ်ဂျစ်တယ်စနစ်တစ်ခုဖြစ်သော Direct to Home – DTH စနစ်နှင့် ထုတ်လွှင့်ပြသနိုင်ရန် "MRTV – DTH" ကို ဖွင့်လှစ်ပေးခဲ့သည်အထိ အားပေးချီးမြှောက်ဂုဏ်ပြုခဲ့သည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရမည်ဖြစ်ကြောင်း၊ ၎င်းသည် နိုင်ငံ့အကြီးအကဲအနေဖြင့် နိုင်ငံပိုင်မီဒီယာအပေါ်တွင် မည်မျှအထိ အလေးထားအားထားကြောင်းကို ပေါ်လွင်ထင်ရှားလျက်ရှိကြောင်း။

အလားတူ (၇၇)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတွင်လည်း MRTV News Channel ကို အရန်စတူဒီယိုမှတစ်ဆင့် ထုတ်လွှင့်နေရာမှ "MRTV News Channel Studio" အသစ်တစ်ခုကို သီးသန့်အသုံးပြုထုတ်လွှင့်နိုင်ရန် ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင်လည်း အာဆီယံနိုင်ငံများက "Analogue Switch Off – ASO" ဟုခေါ်သည့် Analogue စနစ်နှင့် ရုပ်သံထုတ်လွှင့်မှုရပ်ဆိုင်းပြီး Digital စနစ်နှင့်ထုတ်လွှင့်ရန် သဘောတူညီထားကြသည့်အတိုင်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး(၃)မြို့အတွက် ထပ်ဆင့်လွှင့်စက်ရုံ(၃)ရုံမှထုတ်လွှင့်မှုကို စတင်ရပ်ဆိုင်းနိုင်ရန် Pilot Project အဖြစ်ကြေညာလုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ တစ်ဆက်တည်းမှာပင် အဆိုပါမြို့ကြီး(၃)မြို့တွင် မူလက Digital Video Broadcasting Terrestrial–2 (DVB–T2)စနစ်ဖြင့် ထုတ်လွှင့်နေသည့်ရုပ်သံ(၁၈)လိုင်းတွင် High Definition (HD)Quality နှင့် ရုပ်သံလိုင်း(၂)လိုင်းသာ ထုတ်လွှင့်နိုင်ခဲ့ရာမှ HD နှင့် (၁၁)လိုင်းအထိ အဆင့်မြှင့်တင်ပြီး တိုးချဲ့ထုတ်လွှင့်ပေးခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့အပြင် Direct To Home (DTH)စနစ်ဖြင့် ရုပ်သံလိုင်း (၇)လိုင်းသာ ထုတ်လွှင့်နေရာမှ ရုပ်သံလိုင်း (၁၉)လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန် ဖွင့်လှစ်ပေးခဲ့သည်ကိုလည်း ဂုဏ်ယူဖွယ်တွေ့မြင်ရကြောင်း။

ယနေ့ (၇၉)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် MRTV ၏ DVB–T2 စနစ်နှင့် ထုတ်လွှင့်မှုတွင် မူလက (၁၈)လိုင်းနှင့် ထုတ်လွှင့်ခဲ့ရာကနေ (၁)လိုင်း ထပ်မံတိုးချဲ့ပြီး "MRTV Entertainment Channel (me)" အသစ်(၁)လိုင်းကို HD အရည်အသွေးနှင့် ထုတ်လွှင့်နိုင်ရန် ယနေ့တွင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး (၃)မြို့တွင် (Standard Definition–SD) အရည်အသွေးနှင့်ထုတ်လွှင့်နေရာက အရည်အသွေးမြင့် (High Definition –HD) ရုပ်သံလိုင်း(၃)လိုင်းအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး ၎င်းအနက် (၁)လိုင်းကို မဟာရုပ်သံအတွက်ခွင့်ပြုပေးကာ ယနေ့တွင်ပင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

MRTV ၏ Broadcast Media များဖြစ်သည့် TV နှင့် Radio တို့မှ ထုတ်လွှင့်ခဲ့ရာက ခေတ်နှင့်အညီ လူတိုင်းလက်လှမ်းမီစွာ အရှိန်အဟုန်နှင့် အသုံးပြုလာကြသည့် Mobile Phone များပေါ်တွင် "MRTV Application" နှင့် ကြည့်ရှုနိုင်ရန် **စာမျက်နှာ ၇ သို့ ⊃**

⊃ စာမျက်နှာ ၆ မှအဆက်

စတင်ထုတ်လွှင့်ပေးခဲ့ရာ ယခုအခါ ရေဒီယိုကဏ္ဍကို သီးခြားခွဲထုတ်ပြီး “MRTV Radio Application” ကိုလည်း တစ်ဆက်တည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် MRTV က ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆန်းသစ်တီထွင်လိုစိတ်နှင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ကြိုးပမ်းထမ်းဆောင်နိုင်ကြသဖြင့် ထွက်ပေါ်လာသည့် အောင်မြင်မှုရလဒ်များဖြစ်ကြောင်းအသိအမှတ်ပြုပြောကြားလိုကြောင်း။

ယခုအခါတွင် MRTV သည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုဖြစ်သော နုပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သော၊ ဆန်းသစ်ခေတ်မီသော နိုင်ငံတော်မီဒီယာပုံစံအသစ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက် နိုင်သည်ကိုတွေ့ရကြောင်း၊ မူလရည်မှန်းချက်(၃)ရပ်ဖြစ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန် တာဝန်များကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် New Media ဖြစ်သည့် Online Media များကနေ ထုတ်လွှင့်တင်ဆက်ပေးနိုင်သည့်အပြင် နိုင်ငံတော်၏ နေ့ကြီး၊ရက်ကြီး၊ အခမ်းအနားကြီးများတွင်လည်း ကဏ္ဍစုံကနေ တက်ကြွစွာပါဝင်ဆောင်ရွက်နေသည်ကို ဂုဏ်ယူဖွယ်တွေ့ရကြောင်း။

ထို့အပြင် နိုင်ငံတော်၏ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်စွန့်စားစားထမ်းဆောင်နေကြသည့် “တပ်မတော်သား” များအတွက် ရှေ့တန်းစစ်မြေပြင်၊ တပ်စခန်းနေရာများအထိ သွားရောက်ဖျော်ဖြေပြီး စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက်နေကြသည့် “နိုင်ငံ့ဝန်ထမ်း”များ အပန်းပြေစေရန် ဖျော်ဖြေတင်ဆက်ပေးခြင်း၊ အနာဂတ်နိုင်ငံတော်တွင် အားကိုးအားထားပြုရမည့် “လူရည်ချွန်”များ ပျော်ရွှင်လန်းဆန်းတက်ကြွစေရန် အပန်းဖြေစခန်းများအထိ သွားရောက်ဖျော်ဖြေပေးခြင်းစသည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကိုလည်း ထဲထဲဝင်ဝင် တိုးမြှင့်ဆောင်ရွက်ပေးသည်ကို တွေ့မြင်နေရသည့်အပြင် MRTV အနေဖြင့် တိုင်းရင်းသားဘာသာစကား (၁၈)မျိုး အပါအဝင် စုစုပေါင်းဘာသာစကား(၂၀)မျိုးဖြင့် ထုတ်လွှင့်နိုင်ခြင်းသည်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံများ၏မျက်မှောက်အခြေအနေနှင့် မိမိတို့ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများအရ တိုင်းရင်းသားအားလုံးချစ်ကြည်စွာစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရန်၊ အမျိုးသားစည်းလုံးညီညွတ်မှု မပြိုကွဲစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ဦးဆောင်မှုနှင့် မီဒီယာပိုင်းက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးရန် အရေးကြီးသည်ကို မှာကြားလိုကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသည့် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်ပေါင်းထောင်ချီပြီး စုပေါင်းနေထိုင်ခဲ့ကြသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

**◆ ယခုအချိန်တွင် တိုင်းရင်းသားပြည်သူများအတွင်း အချင်းချင်းသံသယဝင်အောင်၊ သွေးကွဲအောင်၊ မုန်းတီးမှုများဖြစ်လာအောင် သွေးခွဲရန်တိုက်မှုများ၊ မြှောက်ပင့်သွေးထိုးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြည်တွင်းပြည်ပကစွက်ဖက်မှုမျိုးစုံနှင့် ပြုလုပ်နေကြသည်မှာ အထူးသဖြင့် ပြည်ဖျက်မီဒီယာများက သတင်းတု သတင်းမှားများနှင့် ကောလာဟလများကို မဟုတ်မမှန်ထုတ်ဖော်ပြသခြင်း၊ သတင်းမှားများတင်ဆက်ခြင်းများကလည်း မိမိတို့နိုင်ငံအတွက် အလွန်အင်မတန်မှ ကြီးမားသည့်အန္တရာယ်ဖြစ်၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပါအဝင် ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးအနေဖြင့် နိုင်ငံတော်မီဒီယာဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီးမပြိုကွဲအောင်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင်၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် အထူးမှာကြားလို . . .**

သမိုင်းကြောင်းအစဉ်အလာအရ ပြည်နယ်နှင့်တိုင်းဒေသကြီးများ စုပေါင်းတည်ဆောက်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးမည့် အခြေအနေအမျိုးမျိုး ကြုံတွေ့ခဲ့ရချိန်တိုင်းတွင် တပ်မတော်နှင့်အတူ နိုင်ငံနှင့်ပြည်သူကို ချစ်မြတ်နိုးကြသည့် မြန်မာနိုင်ငံသားအားလုံးက (We are Myanmar) ဆိုသည့် မြန်မာစိတ်၊ တစ်သွေးတစ်သားတည်းစိတ်၊ စုစည်းညီညွတ်သည့်စိတ်၊ စည်းလုံးညီညွတ်သည့်စိတ်၊ စိတ်ဝမ်းမကွဲပြားသောစိတ်ဓာတ်အားမာန်များနှင့် စုပေါင်းပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ သမိုင်းအစဉ်အလာကောင်းသည့် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို မပျက်ယွင်းစေဘဲ သမိုင်းပေးတာဝန်ကို ကျေပွန်အောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်သမိုင်းကြောင်းကောင်းအောင်၊ အခြားနိုင်ငံများနည်းတူ တန်းတူ ဖွံ့ဖြိုးတိုးတက်လာအောင်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် စည်းလုံးညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ်နှင့်အတူတကွ လက်တွဲအကောင်အထည်ဖော်ကြရန်လိုကြောင်း။

အမိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန်မှာနိုင်ငံတစ်ဝန်းလုံးတွင်နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒအမှန်ဖြစ်သကဲ့သို့ တောင်ပေါ်မြေပြန့်တိုင်းရင်းသားအားလုံးက ညီရင်းအစ်ကိုမောင်ရင်းနှမသဖွယ် ချစ်ခင်ရင်းနှီးစွာအတူတကွနေထိုင်လိုကြသည့် ဆန္ဒအမှန်လည်းဖြစ်ကြောင်း။

သို့သော် ယခုအချိန်တွင် တိုင်းရင်းသားပြည်သူများအတွင်း အချင်းချင်းသံသယဝင်အောင်၊ သွေးကွဲအောင်၊ မုန်းတီးမှုများဖြစ်လာအောင် သွေးခွဲရန်တိုက်မှုများ၊ မြှောက်ပင့်သွေးထိုးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြည်တွင်းပြည်ပကစွက်ဖက်မှုမျိုးစုံနှင့် ပြုလုပ်နေကြသည်မှာ အထူးသဖြင့် ပြည်ဖျက်မီဒီယာများက သတင်းတုသတင်းမှားများနှင့်ကောလာဟလများကို မဟုတ်မမှန် ထုတ်ဖော်ပြသခြင်း၊ သတင်းမှားများ တင်ဆက်ခြင်းများကလည်း မိမိတို့နိုင်ငံအတွက် အလွန်အင်မတန်မှ ကြီးမားသည့် အန္တရာယ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပါအဝင် ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးအနေဖြင့် နိုင်ငံတော် မီဒီယာဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီး မပြိုကွဲအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် အထူးမှာကြားလိုကြောင်း။

MRTV အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်က MRTV ၏ ဝန်ထမ်းဟောင်းများက သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသည်ကိုအသိအမှတ်ပြုပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း MRTV ၏ မျိုးဆက်သစ်ဝန်ထမ်းများကလည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အလျင်အမြန် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ သမိုင်းပေးတာဝန်များကိုကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရန် ထပ်ဆင့်မှာကြားလိုကြောင်း။

ရုပ်မြင်သံကြား ထုတ်လွှင့်ရာတွင် Professional ဖြစ်ရန်နှင့် မိမိတို့ထုတ်လွှင့်လိုက်သည့် အစီအစဉ်များသည် လူအများစိတ်ဝင်စားပြီး လူကြီးလူငယ်၊ လူရွယ်လူလတ်အားလုံး လွယ်လွယ်ကူကူ သိရှိနားလည်မှတ်သားစေနိုင်မည့်အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတကာကသတင်းထုတ်လွှင့်မှုများကို လေ့လာပြီး မိမိတို့၏အားနည်းချက်များကို အားသာချက်များအဖြစ် တိုးတက်အောင် ဆက်လက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ကာလသည် နည်းပညာခေတ်ဖြစ်ပြီး AI ခေတ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ MRTV သည် နည်းပညာအခြေခံဖြင့် လုပ်ဆောင်နေရသည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် နည်းပညာနှင့်အတတ်ပညာများကို ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင် ရုပ်မြင်သံကြားထုတ်လွှင့်ရေးလုပ်ငန်းများကို အတွေ့အကြုံကောင်းကောင်း၊ အသိအမြင်ကျယ်ကျယ်နှင့်ဆောင်ရွက်သွားကြရန်လည်း လိုအပ်သည့်အတွက် လေ့လာဆည်းပူးခြင်းနှင့် ဖတ်မှတ်လေ့လာမှုများကို အလေ့အကျင့်ဖြစ်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် အသံနေအသံထားနှင့် အသံထွက်၊ အဖြတ်အတောက်များ မှန်ကန်ရန်နှင့် ရုပ်ရည်အနေအထားကလည်း တည်တည်ကြည်ကြည်၊ ပျော့ပျော့ပျောင်းပျောင်း၊ နားထောင်ကြည့်ရှုနေသူများကို ဆွဲဆောင်မှုရှိပါက မိမိတို့၏ထုတ်လွှင့်မှုများသည် ပိုမိုထိရောက်မည်ဖြစ်ကြောင်း။

**◆ နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြောင်းလဲတိုးတက်နေသောနည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များနှင့် ဖန်တီးထုတ်လုပ်ပြီး ဆန်းသစ်တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက် . . .**

နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြောင်းလဲတိုးတက်နေသော နည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များနှင့် ဖန်တီးထုတ်လုပ်ပြီး ဆန်းသစ်တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မြန်မာနိုင်ငံတွင် မီဒီယာနှင့်အနုပညာရှင်၊အတတ်ပညာရှင်များမွေးထုတ်ပေးရာ၊ ပန်းပေါင်းစုံဖူးပွင့်လန်းဆန်းရာပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်အောင်၊ ပြည်သူများ အားကိုးအားထားပြုရသော တိုင်းကျိုးပြည်ပြုဝန်ဆောင်မှုပြုနေသည့် မြန်မာနိုင်ငံ၏ စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုအားလုံးအပြင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများနှင့် ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများအတွက် သတင်းအချက်အလက် အပါအဝင် အသိပညာဗဟုသုတများ မျှဝေပေးခြင်း၊ ဖျော်ဖြေတင်ဆက်ပေးခြင်းများနှင့် ပရိသတ်များ၏ စိတ်နှလုံးတွင် မှတ်မှတ်ထင်ထင်စွဲစွဲမြဲမြဲဖြစ်အောင် စွမ်းဆောင်ပေးကြရန်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉) နှစ်မြောက်သည့် နှစ်ပတ်လည်နေ့မှသည် ရှေ့ရာစုနှစ်ပေါင်းများစွာအထိ ကောင်းသတင်းများ မွေးပုံ့မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်စွာ လျှောက်လှမ်းမှုတို့နှင့် တင့်တင့်တယ်တယ်ရှင်သန်ရပ်တည်နိုင်ပါစေရန် ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က (၇၉)နှစ်မြောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားအတွက် ငွေကျပ်(၇၅)သိန်းကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏(၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က MTRV Multiplayout Package တွင် မူလရုပ်သံလိုင်း (၁၈) လိုင်းမှ (၁၉) လိုင်းထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စက်မှုဌာနခွဲ၊ Earth Station ဌာနစိတ်မှဝန်ထမ်းများ၊ နေပြည်တော် (ပျဉ်းမနား)၊ ရန်ကုန်နှင့် စစ်ကိုင်း (မန္တလေး) မြို့တို့တွင် HD ရုပ်သံလိုင်း(၃)လိုင်းတိုးမြှင့်ထုတ်လွှင့်နိုင်ရန်ကြိုးပမ်းခဲ့သော လွှင့်စက်ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်မှ ဝန်ထမ်းများ၊ တူကီယေနိုင်ငံ၊ အစ္စတန်ဘူလ်မြို့၌ အာရှပစိဖိတ်ရုပ်သံလုပ်ငန်းအဖွဲ့အစည်း ABU မှစီစဉ်ကျင်းပခဲ့သည့် ABU Diversity and Inclusion Media Award 2024 တွင် “Major Workforce Of MRTV” ခေါင်းစဉ်ဖြင့် ထူးချွန်ဆုရရှိခဲ့သည့် MI Channel မှ

စာမျက်နှာ ၈ သို့ ⊃

➲ စာမျက်နှာ ၇ မှအဆက်

ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ ဒေါ်အေးအေးကျင်၊ တရုတ်နိုင်ငံ CGTNMyanmar မှ စီစဉ်ကျင်းပခဲ့သည့် "မှတ်မိစွဲထင် အမှတ်တရ ခရီးစဉ်" ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့်အသံလွှင့်ဌာနခွဲမှဦးစီးအရာရှိဒေါ်စုသက်မှူးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့နှင့်ပြည်ပအနုပညာရှင်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့်တွဲဖက်၍ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ သတင်းစတူဒီယိုများ၊ ထုတ်လွှင့်ခန်းများ၊ Convergence News Room အခန်းများကို လေ့လာခြင်း၊ MSME Promo များအား မြန်မာနှင့်တိုင်းရင်းသားဘာသာများဖြင့် ရိုက်ကူးထုတ်လုပ်နေမှုများ၊ AI နည်းပညာဖြင့် ရုပ်သံထုတ်လွှင့်နိုင်ရန် လေ့လာစမ်းသပ်နေမှုများ၊ အသံသွင်းStudio တွင် "အရုပ်မျက်နှာ ပန်းမျက်နှာ" အသံသွင်းဇာတ်လမ်းသရုပ်ပြအသံသွင်းနေမှုများကို လိုက်လံကြည့်ရှုရာ ကဏ္ဍအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြကြမှုများအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ်တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီးသုံးဆောင်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေဒီယိုနှင့်ရုပ်သံလွှင့်လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်မှန်းချက်များနှင့်အညီ ထုတ်လွှင့်တင်ဆက်လျက်ရှိသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ (၁၅) ရက်တွင် ရန်ကုန်ရေဒီယို (Rangoon Radio)မှ ဗမာ့အသံ (Burma Broadcasting Services –BBS)အမည်ဖြင့် စတင်အသုံးပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ (၁)ရက်တွင် ရောင်စုံရုပ်မြင်သံကြားအဖြစ် စတင်ပုံမှန် ထုတ်လွှင့်ခဲ့သည်။ ယခုအခါ MRTV HD၊ MRTV News၊ MRTV NRC၊ MRTV Farmers'၊ MRTV Parliament၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဖက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ(၁၇)မျိုးပါဝင်သည့် တိုင်းရင်းသားဘာသာအစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။

ပြည်သူများ အရုပ်၊ အသံ အရည်အသွေးကောင်းမွန်သည့်အစီအစဉ်များ ဖမ်းယူကြည့်ရှုနားဆင်နိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လက်ရှိထုတ်လွှင့်နေသည့် DVB T2 စနစ်တွင် HD Quality ဖြင့် ဌာနပိုင်ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းများအပါအဝင် (၁၈)လိုင်းထုတ်လွှင့်ရာမှ တိုးချဲ့ Mahar HD ရုပ်သံလိုင်းသစ်ကို ယနေ့ စတင်ထည့်သွင်းထုတ်လွှင့်ခြင်းဖြစ်သည်။

ထို့အပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DTH Platform တွင် ဌာနပိုင်နှင့် ပုဂ္ဂလိကရုပ်သံလိုင်းများအပါအဝင် စုစုပေါင်းရုပ်သံလိုင်း (၁၉)လိုင်းဖြင့် ထုတ်လွှင့်လျက်ရှိရာမှ MRTV ၏ဖျော်ဖြေရေးသီးသန့်ရုပ်သံလိုင်း MRTV Entertainment Channel ကို တိုးချဲ့ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ အလားတူ ပြောင်းလဲလာသည့်ခေတ်နှင့်အညီ Online Media ဖြင့်လည်းလွှင့်တင်လျက်ရှိရာ MRTV Application (MRTV App) နှင့်MRTV Web Portal၊ Facebook၊ Telegram၊ Tiktok တို့အပြင် ရေဒီယိုသီးသန့်နားဆင်နိုင်မယ့် MRTV Radio App ကိုလည်း စတင်လွှင့်တင်ခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်တွင် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင်ရှင်သန်ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV သည် (၇၉) နှစ် တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ်ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြိတ်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ



မြိတ် ဖေဖော်ဝါရီ ၁၅

မြိတ်တက္ကသိုလ်တွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်သစ်ပိုက်ကျော်ခြင်း အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် ဘာသာရပ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ပြိုင်ပွဲကို မြိတ်တက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီနာယက ပါမောက္ခချုပ်ဒေါက်တာနေသွယ်ကြည်က အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။

ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် မြန်မာစာဌာနအသင်းနှင့် သင်္ချာဌာနအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲကို မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲဝင်အားကစားသမားများက သုံးယောက်တွဲပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

**MSME ချေးငွေများ လျှောက်ထားနိုင်**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့်ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆) ခုတို့မှ ထုတ်ချေးပေးလျက်ရှိသဖြင့် ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## မြန်မာ့စိတ်ဓာတ်

❏ သူ၏ခြံတွင်း၊ ပန်းတစ်ခင်းကို
ဝမ်းတွင်း ခုံမင်၊ လောဘယှဉ်၍
ပန်ဆင်ဖို့ဝေး၊ သူမပေးလျှင်
ကြူမွှေးရနံ့၊ ဘယ်သို့ပျံ့လည်း
သန့်ခနဲပင်၊ မရှိုက်ချင်ပြီ
တို့လျှင် မြန်မာစိတ်ဓာတ်တည်း။

❏ သူ၏အိမ်တွင်း၊ သူ့သားချင်းတို့
ငြင်းခုံဆွေးနွေး၊ အရေးရေးကို
သွေးထိုးရန်များ၊ မဆိုထားနှင့်
ကိုယ့်အားပြုံးပျော်၊ မဖိတ်ခေါ်လျှင်
မလျော်စက်အိပ်၊ တံစက်မြိတ်မျှ
တစ်ဆိတ်ခိုဝင်၊ မနားချင်သည်
တို့လျှင် မြန်မာစိတ်ဓာတ်တည်း။

❏ သူ၏ပန်းခင်း၊ ချင်ခြင်းမတပ်
သူ့ရုပ် သူ့ရွာ၊ လော်မာမကျူး
အထူးဆင်ခြင်၊ သမိုင်းစဉ်ဝယ်
တို့လျှင် မြန်မာ၊ ပီသပါသို့
တို့ရွာ တို့ရုပ်၊ အမြတ်ထုတ်ရန်
လိမ်ဉာဏ် လှည့်ပတ်၊ မချဉ်းကပ်နှင့်
မြတ်နိုးစရာ၊ တို့ရိုးရာနှင့်
ညီညာသွေးနှီး၊ တို့လူမျိုး၏
ညှိုးနွမ်းဂုဏ်သိမ်၊ အရောင်မှိန်အောင်
တို့အိမ်တွင်းရေး၊ ရှုပ်လိမ်ထွေးအောင်
သွေးသားမစပ်၊ တစ်ပါးရပ်မှ
ချဉ်းကပ် သူလျှင်၊ မဖြူစင်ပြီ
လူဝင်ထွက်မှု အစုစု။
ပြည်သူ့အင်အား ကြီးကြပ်မှု။
လေးနက် ဆင်ခြင် သတိပြု။ ။

**မြင်းမူမောင်နိုင်မိုး**

# သီတဂူဗုဒ္ဓတက္ကသိုလ် (ကျွန်းလှ)၌ သီတင်းသုံးတော်မူသော သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ



ကျွန်းလှ ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ် (ကျွန်းလှ) ၌ သီတင်းသုံးတော်မူသော သံဃာတော်များအား ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပကြောင်း သိရသည်။

ထိုသို့ ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် သီတဂူဗုဒ္ဓတက္ကသိုလ် (ကျွန်းလှ)မှ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် စာချ၊ စာသင် ဆရာတော်၊ သံဃာတော်အပါး ၄၀ ကျော်အား မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူသည်။

ထို့ပြင် ဆရာတော်၊ သံဃာတော်များ ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ ရပ်ဝေးရပ်နီး အလှူရှင်များက အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ အလှည့်ကျဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

# မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံနေကြာများရိတ်သိမ်း



မိုးနဲ ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ တောင်သူများအနေဖြင့် မိုးစပါးများ ရိတ်သိမ်းပြီးချိန် သီးထပ်အဖြစ် ဈေးကွက်ပိုမိုရရှိမည့်သီးနှံများကို ရွေးချယ်စိုက်ပျိုးလာကြရာ ဆောင်းနေကြာဆီထွက်သီးနှံကို အဓိကထားစိုက်ပျိုးလာပြီး လက်ရှိတွင် နေကြာများ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနေကြာသည် စိုက်ပျိုးစရိတ်သက်သာခြင်း၊ ရေငတ်ဒဏ်ခံနိုင်ခြင်း၊ ရောဂါပိုးမွှားကျရောက်မှု နည်းပါးခြင်းတို့ကြောင့်တောင်သူအများစုက သီးထပ်အဖြစ် ပိုမိုစိုက်ပျိုးလာသည်။ မိုးနဲမြို့နယ်၌ သီးထပ်ဆောင်းဆီထွက်သီးနှံနေကြာစိုက်ကေပေါင်း ၁၄၂ ကေရှိပြီး ၆၃ ကေအထိ ရိတ်သိမ်းပြီးဖြစ်ရာ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ပျမ်းမျှ ၁၇ တင်းထွက်ရှိသည်။

ဒေသခံတောင်သူများအနေဖြင့် သီးထပ်သီးနှံများစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် မုန်ညင်း၊ မြေပဲ၊ ကြက်သွန်ဖြူနှင့် အခြားသီးနှံများကိုလည်း မိသားစုအပိုဝင်ငွေရရှိရေးအတွက် စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဆောင်းနေကြာသီးနှံနှင့် အခြားသီးနှံစိုက်ပျိုးမည့်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုစစ်ဆေး

ညောင်ရွှေ ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဖေဖော်ဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ဒုံတခေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများပြည့်စုံမှုရှိ မရှိတို့ကို စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

## လေရှူ၊ လမ်းလျှောက်၊ ရေသောက်ခြင်း ကျန်းမာ ချမ်းသာ ရောဂါကင်း

## အစဉ်အလာကောင်းတဲ့ တို့တပ်မတော်

* တစ်ဖြောက်နှစ်ဖြောက်၊ တောကိုခြောက်ကာ
နှင်းပေါက်သက်ကြွေ၊ ပုလဲငွေတို့
စိုရေရွှဲရွှဲ၊ မြက်ခင်းထဲမှာ
အေးခဲ သွေ့မာန်၊ ဆောင်းသဏ္ဍာန်က
လေပြန်ဆော်သွေး၊ ကြဲဖြန့်ဖွေးသည်
ချမ်းအေးခိုက်တုန်၊ စောင်မလုံလည်း
မြူမှုန်ဝေဝါး၊ မြေတစ်လွှားမှာ
စစ်သား၏မာန် ကြွံကြွံခဲ။

* တောတောင်လျှိုများ၊ နှင်းကျော်သွားကာ
မနားတာဝန်၊ မောင်ကျေပွန်သည်
အားသွန်မာန်တင်း၊ ရန်ခပင်းကို
ပယ်ရှင်းပြည်တွက်၊ စိတ်ဓာတ်ထက်ကာ
မပျက်ထမ်းဆောင်၊ ကွေ့မရှောင်ခဲ့
သန်းခေါင်ညဉ့်နက်၊ အအိပ်ပျက်လည်း
အဖျက်ရန်စွယ် မောင်ကာကွယ်။

* စိမ်းလန်းစိုပြည်၊ တောတောင်တွေမှာ
ခေါင်ဖျေမြင့်မား၊ သက်စွန့်စားလျက်
တို့များရွှေပြည်၊ သာယာစည်ဖို့
သေမည်မကြောက်၊ ရန်ကင်းပျောက်အောင်
မကြောက်ဘယ်ခါ၊ ရှင်းလင်းကာဖြင့်
သစ္စာကတိ၊ အမြဲရှိ၏။

* အမိ ဤမြေ၊ ရန်ထွေထွေကို
မသွေမလစ်၊ အားခွန်သစ်နှင့်
ပြည်ချစ်စစ်သည်၊ သားဇာနည်တို့
နီနီရဲဝင့်၊ ရဲသွေးရင့်လျက်
အသင့်နေ့ည ထမ်းဆောင်ကြသည်
အာဂလူနော် စစ်သည်ကျော်
အစဉ်အလာကောင်းတဲ့ တို့တပ်မတော်။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၆:၀၃ | တရားတော် | ၈။ ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ ၀၈:၀၀ | မျိုးချစ်တပ်မတော် | ၉။ ၁၇:၀၀ | သုတရသစုံလင် ဗဟုသုတပုံပြင် |
| ၃။ ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း | ၁၀။ ၁၈:၃၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ ၁၀:၀၀ | နိုင်ငံတကာသတင်း | ၁၁။ ၁၉:၀၀ | **တောင်ပိုင်း ပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၇/၈)** |
| ၅။ ၁၁:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | |
| ၆။ ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | | |
| ၇။ ၁၄:၀၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် | | |

# တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် ကွင်းအမှတ် ၁၄၁၆ နှင့် ၁၄၁၇ ကွင်းတို့တွင် နေပြည်တော်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြေအောက်ရေစက်ရေတွင်းများတွင် ဆိုလာဖြင့်စိုက်ပျိုးရေပေးဝေနိုင်ရေးလျာထားသည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စု ရှောက်ကုန်းကျေးရွာ ကွင်းအမှတ် ၁၄၁၁ တွင် ရေကြီးနစ်မြုပ်လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းနေသည့် ဆောင်းဆီထွက် ရေဆင်းစပ်မျိုး(၁) နေကြာသီးနှံစိုက်ခင်းသို့ ရောက်ရှိကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေကြီးနစ်မြုပ်ခဲ့သည့် မြေအောက်ရေတွင်းများပြန်လည်အသုံးပြုနိုင်ရေးကို စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေကြာစိုက်ခင်းများတွင် ဝတ်မှုန်ကူးနိုင်ရန်အတွက် ပျားမွေးမြူရေးပုံးများချထားပေးရေးကို အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး တောင်သူများ၏လိုအပ်ချက်များကိုပေါင်းစပ်ဆောင်ရွက်ပေးကာ ရေကြီးနစ်မြုပ်လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းနေသည့်ဆောင်းဆီထွက် ရေဆင်းစပ်မျိုး(၁)နေကြာသီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာရှိ ဦးမောင်ဝင်း၏ ရွှေစွန်မင်း ပဲခွဲစက်နှင့် ဆီစက်သို့ရောက်ရှိပြီး ပဲခွဲစက်နှင့် ဆီစက်လုပ်ငန်းလည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ကုန်ကြမ်းများ လုံလောက်စွာရရှိရေး၊ ဒေသတွင်းဆီဖူလုံရေးအတွက် စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# တိရစ္ဆာန်ဆေးပညာသင်ကြားရေးဆိုင်ရာ ရှေးဟောင်းအဆောက်အအုံ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိရစ္ဆာန်ဆေးပညာသင်ကြားရေးဆိုင်ရာ ရှေးဟောင်းအဆောက်အအုံ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် ညစာစားပွဲကို ယမန်နေ့ ညနေပိုင်းက ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ အဆိုပါ ရှေးဟောင်းအဆောက်အအုံကြီးတွင် ခေတ်အဆက်ဆက်တည်ရှိခဲ့သည့်အဖွဲ့အစည်းများမှ တာဝန်ထမ်းဆောင်ကြသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရာပြည့်အထိမ်းအမှတ်ပြခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နှစ်ပေါင်း (၁၀၀) ကြာမြင့်ခဲ့ပြီဖြစ်သည့် ရှေးဟောင်းအဆောက်အအုံကြီးမှ တိရစ္ဆာန်ဆေးပညာရပ်ကို လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြသော ပုဂ္ဂိုလ်အသီးသီးကို ဂုဏ်ပြုကြောင်း၊ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့အုပ်ချုပ်ခဲ့သည့် ၁၈၇၀ ပြည့်နှစ်မှ အစပြုရောက်ရှိလာခြင်းဟု မှတ်သားရကြောင်း၊ အင်္ဂလိပ်စစ်တပ်တွင်ပါလာသည့် မြင်း၊ လားများကို ကုသရန် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးကို ၁၈၇၄ ခုနှစ်တွင် ခန့်ထားခဲ့ပြီး မြန်မာနိုင်ငံမှ လူငယ်များကို လေ့ကျင့်သင်ကြားပေးကာ "Veterinary Assistant" အဖြစ် ခန့်ထားပေးခဲ့ကြောင်း အင်္ဂလိပ်အစိုးရ၏ နှစ်စဉ်အစီရင်ခံစာများတွင် ဖော်ပြပါရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ယခုနှစ် (၁၀၀)ပြည့် တိရစ္ဆာန်ဆေးပညာသင်ကြားရေးဆိုင်ရာ ရှေးဟောင်းအဆောက်အအုံသည် ဗြိတိသျှအုပ်ချုပ်မှုအောက်ရှိ အိန္ဒိယနိုင်ငံတွင်ရှိသည့် တိရစ္ဆာန်ဆေးပညာ အတတ်သင်ကျောင်းသုံးခုထဲမှ တစ်ခုဖြစ်ခဲ့ကြောင်း၊ သင်တန်းသားများကို ခေါ်ယူလေ့ကျင့်သင်ကြားပြီး သင်တန်းဆင်းများကို Veterinary Assistant များအဖြစ် ခန့်အပ်ခဲ့ကြောင်း၊ ၁၉၈၁ ခုနှစ်မှစတင်ပြီး တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး တက္ကသိုလ်ကို လက်ရှိတည်နေရာဖြစ်သည့် ရေဆင်းသို့ ပြောင်းရွှေ့ပြီးသည့်နောက် အဆောက်အအုံတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)ကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးဇူးတင်လွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# ၂/၈၀ ချည် အသုံးပြုသည့်လုပ်ငန်းရှင်များနှင့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂/၈၀ ချည်အသုံးပြုသည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပလျက်ရှိသည့် ဥပ္ပါတသန္တိစေတီအနီးရှိတပေါင်းကွင်း ယာယီကွပ်ကဲရေးရုံး၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးမှူးများ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရက်ကန်းလုပ်ငန်းရှင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ)၌ ၂/၈၀ ချည်များ ထုတ်လုပ်နေသကဲ့သို့ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)တွင်လည်း ထုတ်လုပ်လျက်ရှိကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ထုတ်လုပ်လျက်ရှိသည့် ၂/၈၀ ချည်များကို သုံးစွဲသူရက်ကန်းလုပ်ငန်းရှင်များ၏ အကြံပြုချက်များနှင့်အညီ အရည်အသွေး ကောင်းမွန်အောင် ထုတ်လုပ်ခဲ့ကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးများ တိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ရာတွင် သုံးစွဲသူများလိုအပ်သည့် အရည်အသွေးများအတိုင်း ထုတ်လုပ်နိုင်မှသာ အောင်မြင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ကြောင်း၊ ပြည်တွင်းဝတ်ဆင်ရေးကဏ္ဍ ဖူလုံစေရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲ၊ စိန်ခေါ်မှုများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။



ထို့နောက် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ဒုတိယစက်ရုံမှူးက ၂/၈၀ ချည်များအသုံးပြု၍ အထည်များ ရက်လုပ်နေမှု၊ ချည်များထုတ်လုပ်နိုင်ရေး အတွက် ကုန်ကြမ်းသုံးစွဲမှုအခြေအနေတို့ကိုလည်းကောင်း၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူက ၂/၈၀ ချည်များထုတ်လုပ်နိုင်ရေးအတွက် စက်များ တပ်ဆင်ခဲ့မှု၊ ချည်များ၏ အရည်အသွေး ကောင်းမွန်စေရေးအတွက် ကုန်ကြမ်းများ စိစစ်သုံးစွဲမှု၊ ချည်များထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ဆွေးနွေး ပြောကြားသည်။


ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ရက်ကန်းလုပ်ငန်းရှင်များက ပြည်တွင်းထုတ်ချည်များကိုအသုံးပြု၍ ပိတ်များရက်လုပ်နေမှု၊ ပြည်တွင်းမှထုတ်လုပ်သည့် ၂/၈၀ ချည်များအား စမ်းသပ်အသုံးပြုမည့်အခြေအနေတို့နှင့် ၂/၈၀ ချည်များ စဉ်ဆက်မပြတ်ဝယ်ယူရရှိရေးဆောင်ရွက်ရမည့်အခြေအနေများကို ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လုပ်ငန်းရှင်များ၏တင်ပြချက်များကို အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် လုပ်ငန်းရှင်များနှင့်အတူ ခင်းကျင်းပြသထားသည့် ၂/၈၀ ချည်များ၊ ၂/၈၀ ချည် အသုံးပြုရက်လုပ်ထားသည့် ပုဆိုးနှင့် ပိတ်များအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိပါတ်တော်လာ သိမှတ်စရာ

## အများအတွက် အသက်စွန့်သူ (မဟာကပိဇာတ်)



ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံနေစဉ် ဘုရားအလောင်းမျောက်မင်းသည် မျောက်ရှစ်သောင်းခြံရံ၍ ဟိမဝန္တာတောတွင်နေ၏။ ထိုတောကြီးအတွင်းရှိ ဂင်္ဂါမြစ်ကမ်းနံဘေးတွင် အခက်အလက်များနှင့် အုံ့ဆိုင်းနေသော သရက်ပင်ကြီးတစ်ပင်ရှိ၏။

မျောက်မင်းသည် နောက်လိုက်နောက်ပါမျောက်အပေါင်းကိုခေါ်ယူပြီး သရက်ပင်ကြီးသို့သွားကာ သရက်သီးမှည့်များကို စားသောက်လေ့ရှိ၏။

တစ်နေ့တွင် ဗာရာဏသီမင်းသည် ဂင်္ဂါမြစ်၌ ရေကစားနေစဉ် ရေစီးအတိုင်းမျောပါလာသော သရက်သီးမှည့်တစ်လုံးကိုရရှိပြီး စားသုံးရာ အရသာထူးကဲလှကြောင်း သိရ၏။ ထိုသရက်သီးမှာ ဘုရားအလောင်းမျောက်မင်း စားသောက်လေ့ရှိသည့် သရက်ပင်မှကြွေကျလာသော အသီးဖြစ်၏။

မင်းကြီးသည် အရသာထူးကဲလှသောသရက်သီးများကို အမြဲတမ်းစားသုံးနိုင်ရန် လှေများဖောင်ဖွဲ့၍ ဂင်္ဂါမြစ်ကိုဆန်တက်ကာ သရက်ပင်ကိုရှာဖွေစေ၏။ ရောက်ရှိလတ်သော် မင်းကြီးသည် သရက်သီးများကို အားရအောင်စားသုံးပြီး သရက်ပင်အခြေ၌ပင်ညအိပ်လေ၏။

သန်းခေါင်ယံအချိန်တွင် မျောက်မင်းသည် သူ့ပရိသတ်များနှင့်အတူ သရက်ပင်ပေါ်သို့ တိတ်တဆိတ်လာရောက်၍ သရက်သီးများကို စားသုံးကြ၏။ မင်းကြီးလည်း အိပ်ပျော်နေရာမှ နိုးလာသော် မျောက်များကိုမြင်သဖြင့် လေးသည်တော်များကိုနှိုး၍ သရက်ပင်ကိုဝိုင်းရံစေ၏။

မျောက်မင်းက သူ့တပည့်များကို မကြောက်ကြရန်ပြော၏။ "သင်တို့အားလုံးကို ဘေးကင်းရာသို့ ငါကယ်တင်မည်" ဟုဆိုကာ အမြင့်ဆုံးအကိုင်းပေါ်သို့တက်၍ ထိုအကိုင်းမှတစ်ဆင့် ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ အားယူလှမ်းခုန်လိုက်ရာ ချုံပုတ်တစ်ခုပေါ်သို့ ကျရောက်လေသည်။ မျောက်မင်းသည် ကြိမ်နွယ်တစ်ချောင်းကို ရှာဖွေဖြတ်ယူ၍ ထိုဘက်ကမ်းရှိ သစ်ပင်တစ်ပင်တွင် ခိုင်ခံ့စွာချည်နှောင်၏။ ကျန်အစွန်းတစ်ဖက်ကို မိမိခါးတွင် ဖွဲ့ချည်၍ သည်ဘက်ကမ်းရှိ သရက်ပင်ကြီးဆီသို့ ပြန်လည်ခုန်ချလိုက်၏။

သည်အခြေအနေတွင် နွယ်ကြိုးသည် အနည်းငယ်တိုနေသဖြင့် သူ့ကိုယ်သည် သရက်ကိုင်းပေါ်သို့ မရောက်ဘဲ လက်ဖြင့်ဖမ်းဆုပ်နိုင်ရုံမျှသာမီလေ၏။ မျောက်မင်းသည် သရက်ကိုင်းကို အားယူဖမ်းဆုပ်၍ "ငါ့ကိုယ်ပေါ်မှ ဖြတ်နင်း၍ ကြိမ်နွယ်ဖြင့် တစ်ဖက်ကမ်းသို့ အမြန်ကူးကြပါလေ" ဟု ကျန်မျောက်များကို အော်ဟစ်သတိပေး၏။

မျောက်တို့သည် မျောက်မင်းကို ရှိခိုးကန်တော့ကာ တစ်ကောင်ပြီးတစ်ကောင် တစ်ဖက်ကမ်းသို့ကူးကြလေသည်။ နောက်ဆုံးကျန်သူ ဒေဝဒတ်မျောက်မင်းသည်ကား "အခါအခွင့်သင့်ပြီ။ ငါ့ရန်သူကိုပျက်စီးစေအံ့" ဆိုကာ အမြင့်ဆုံးအကိုင်းပေါ်မှနေ၍ မျောက်မင်း၏ ကျောကုန်းပေါ်သို့ ပြင်းထန်သောအရှိန်ဖြင့် ခုန်ချလေ၏။ မျောက်မင်းသည် ထိုဒဏ်ချက်ကြောင့် နှလုံးကွဲကြေသောဝေဒနာဖြင့် တစ်ကောင်တည်းကျန်ရစ်ခဲ့ရှာ၏။

ထိုဖြစ်ရပ်ကို အစအဆုံးမြင်တွေ့လိုက်ရသော ဗာရာဏသီမင်းသည် အမျိုးအတွက် အသက်ကိုပင် ပေးလှူဝံ့သောမျောက်မင်းကို လွန်စွာကြည်ညိုလေ၏။ ထို့ကြောင့် နံနက်လင်းသော် ငြမ်းဆင်၍ မျောက်မင်းကို ချယူကာ ဆေးဝါးကုသပြုစုပေး၏။ မျောက်မင်းက ဗာရာဏသီမင်းအား "မင်းကေရာဇ်တို့မည်သည် ပြည်သူပြည်သားလူအများအား အကျိုးစီးပွားကို ရှာဖွေပေးရမည်။ ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံရမည်"ဟု ဟောပြော၏။

ဘုရားအလောင်းမျောက်မင်းသည် ဝေဒနာမသက်သာဘဲ မိမိ၏အမျိုးအနွယ်အတွက် အသက်စွန့်ရှာလေသည်။ ဇာတ်ပေါင်းသော် ဗာရာဏသီမင်းသည် အရှင်အာနန္ဒာ၊ ပြစ်မှားတတ်သောမျောက်သည် ဒေဝဒတ်ဖြစ်၍ မျောက်မင်းကား ဗုဒ္ဓဖြစ်လေ၏။ နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် မိမိတစ်ဦးတည်း ကိုယ်ကျိုးကိုသာ ဦးစားပေးသည်ထက် အများအကျိုးကိုဆောင်နိုင်သူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါသည်။ ။

**သုတကြွယ်**

---

လူငယ်ဖတ်စာ

## သီလနဲ့ပညာ



မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဆီကို မြို့စားကြီး "သောဏဒဏ္ဍ"လို့အမည်ရတဲ့ပုဏ္ဏားကြီး လာရောက်ဖူးမြော်တယ်။ အဲဒီမြို့စားကြီး သောဏဒဏ္ဍကနယ်နယ်ရရမဟုတ်ပါဘူး။ ဗြာဟ္မဏအမျိုးအနွယ်ထဲကပါ။ မြင့်မြတ်တဲ့အကျင့်ရှိတဲ့ ပုဏ္ဏားမျိုးနွယ်ကို ဗြာဟ္မဏလို့ခေါ်တာပါပဲ။

မြို့စားကြီး သောဏဒဏ္ဍကတစ်ယောက်ထဲ လာရောက်ဖူးမြော်တာမဟုတ်ပါဘူး။ ခြွေရံသင်းပင်းတွေနဲ့အတူ ရောက်လာတာပါ။ မြို့စားကြီးရဲ့အခြွေအရံတွေကတော့ ပရိသတ်ရဲ့နောက်နားမှာရှိတဲ့ နေရာလွတ်မှာဝင်ထိုင်နေကြပြီ။ မြို့စားကြီးကတော့ မြတ်စွာဘုရားရဲ့ရှေ့မှောက်ရောက်အောင်လာပြီး ဖူးမြော်တယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြို့စားကြီးသောဏဒဏ္ဍနဲ့ပဋိသန္ဓာရစကားမြွက်ကြားတော်မူရင်းက "အမျိုးအနွယ်တွေထဲမှာဘယ်အမျိုးအနွယ်ကအမြတ်ဆုံးပါလဲ"လို့ မေးမြန်းတော်မူလိုက်တယ်။ မြို့စားကြီးကလည်းမဆိုင်းမတွပါပဲ။ "အမျိုးအနွယ်တွေထဲမှာ အကျွန်ုပ်တို့ဗြာဟ္မဏအမျိုးအနွယ်တွေကသာအမြတ်ဆုံးပါဘုရား"လို့ ချက်ချင်းအဖြေပေးလိုက်ပါတယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက"ဗြာဟ္မဏအမျိုးအနွယ်တွေက ဘယ်လိုအရည်အသွေးတွေကြောင့် အမြတ်ဆုံးလို့ပြောနိုင်တာပါလဲ မြို့စားကြီး" လို့မေးမြန်းတော်မူလိုက်ပြန်ပါတယ်။ "အကျွန်ုပ်တို့ဗြာဟ္မဏအမျိုးအနွယ်တွေက သာမန်မွေးဖွားလာတာမဟုတ်ပါဘုရား။ ဗြဟ္မာကြီးတွေရဲ့ပါးစပ်ကနေမွေးဖွားလာခဲ့တဲ့သူတွေပါ။ သန့်သန့်ရှင်းရှင်းစင်စင်ကြယ်ကြယ် မြင့်မြတ်တဲ့ မျိုးရိုးဇာတိကဆင်းသက်လာတာပါဘုရား။ ဗြဟ္မာကမွေးဖွားလာတဲ့ အမျိုးအနွယ်တွေဆိုတော့ ဗြဟ္မာကြီးတွေအတိုင်းပါပဲ။ အင်မတန်မှချောမွေ့လှပါတယ်။ ခက်ခဲနက်နဲလှတဲ့ဝေဒသုံးပုံကိုလည်း တတ်ကျွမ်းကြပါတယ်။ သီလလည်းရှိပါတယ်။ ပညာလည်း ပြည့်စုံကြပါတယ်အရှင်ဘုရား။ ဇာတိ၊ ဝဏ္ဏ၊ ဝေဒ၊ သီလ၊ ပညာဆိုတဲ့အချက် ငါးချက်ရဲ့အရည်အသွေးနဲ့ပြည့်ဝနေတာကြောင့် ဗြာဟ္မဏအမျိုးအနွယ်တွေက အမြတ်ဆုံးလို့ပြောနိုင်တာပါဘုရား" လို့မြို့စားကြီးကအဖြေပေးလိုက်ပါတယ်။

မြတ်စွာဘုရားရှင်က "ဇာတိ၊ ဝဏ္ဏ၊ ဝေဒ၊ သီလ၊ ပညာဆိုတဲ့အချက်ငါးချက်ထဲကတစ်ခုခုကိုချန်ပြီး ကျန်လေးမျိုးနဲ့တင် အမြတ်ဆုံးမဖြစ်နိုင်တော့ဘူးလား မြို့စားကြီး"လို့ ဆက်ပြီးမေးမြန်းပြန်ပါတယ်။ မြို့စားကြီးက ချက်ချင်းမဖြေနိုင်ပါဘူး။ အတန်ငယ်စဉ်းစားပြီးတော့မှ "ဇာတိမျိုးရိုးကို ချန်ပြီး ကျန်လေးမျိုးနဲ့လည်း အမြတ်ဆုံးဖြစ်နိုင်ပါတယ်ဘုရား"လို့ ချင့်ချင့်ချိန်ချိန်အဖြေပေးလိုက်ပါတယ်။ မြတ်စွာဘုရားကတစ်ဆင့်တက်ပြီး "အဆင်းလှတာကို ရောချန်ထားလို့မရဘူးလား"လို့ မေးလိုက်ပြန်တယ်။ "အဆင်းမလှလည်း ကျန်တဲ့သုံးမျိုးရှိနေရင် အမြတ်ဆုံးဖြစ်နိုင်တာပဲဘုရား"လို့မြို့စားကြီးက အဖြေပေးလိုက်ပြန်ပါတယ်။ မြတ်စွာဘုရားရှင်က "ခုကျန်တဲ့သုံးမျိုးထဲက ဝေဒသုံးပုံမတတ်ကျွမ်းရင်ရော အမြတ်ဆုံးမဖြစ်နိုင်တော့ဘူးလား"လို့ မေးလိုက်ပြန်ပါပြီ။ "ဝေဒသုံးပုံမတတ်လည်း အမြတ်ဆုံးဖြစ်နိုင်တာပါပဲဘုရား"လို့ မြို့စားကြီးက အလွယ်တကူ အဖြေပေးလိုက်ပါတယ်။

မြတ်စွာဘုရားရှင်က "ဒါဆိုရင်ကျန်နေတဲ့သီလနဲ့ပညာတစ်မျိုးမျိုးထဲကဘယ်အရာကိုချန်ပြီး ဘယ်အရာကိုထုတ်ဖယ်လို့ရနိုင်သေးလဲ မြို့စားကြီး"လို့ မေးမြန်းတော်မူပြန်ပါတယ်။ "ခုကျန်နေတဲ့သီလနဲ့ပညာနှစ်မျိုးကိုတော့ဖယ်ထုတ်လို့မရနိုင်တော့ပါဘူးဘုရား"လို့ မြို့စားကြီးက ယတိပြတ်ပြန်လည်လျှောက်ကြားလိုက်ပါတယ်။ မြို့စားကြီးရဲ့အဖြေစကားကို မြတ်စွာဘုရားရှင်ကနှစ်သက်တော်မူတယ်။ "မှန်ပါပေတယ်။ ဘယ်အမျိုးအနွယ်ပဲဖြစ်ဖြစ် သီလနဲ့ပညာမရှိရင် တန်ဖိုးရှိတဲ့လူမဖြစ်ပါဘူး။ သီလနဲ့ပညာရှိတဲ့လူကသာ တန်ဖိုးရှိတဲ့လူဖြစ်ပါတယ်။ သီလနဲ့ပညာကိုလည်း ခွဲထားလို့မရပါဘူး။

သီလနဲ့ပညာက အပြန်အလှန်အမှီသဟဲပြုပြီး အပြန်အလှန် ထိန်းကျောင်းပေးနေရလို့ပါပဲ"လို့ ချီးမွမ်းစကားမြွက်ကြားပြီး သီလနဲ့ပညာရဲ့တန်ဖိုးကို ဆက်လက်ဟောကြားတော်မူပါတယ်။

မြတ်စွာဘုရားရဲ့နှုတ်ကပါဌ်(မုက္ခပါဌ်)တော်လာ "သီလ"နဲ့ "ပညာ"ပြည့်ဝသူဖြစ်အောင်မည်သူမဆို အမြဲတစေဖြည့်ဆည်းနေကြရမှာပဲဖြစ်ပါတယ်။ သီလဆိုတာကစောင့်ထိန်းလိုက်နာရမယ့်ကျင့်ဝတ်တွေပါ။ ကျင့်ဝတ်တွေမကျိုးမပေါက်အောင်လိုက်နာစောင့်ထိန်းနိုင်ရင်သီလရှိတဲ့လူဖြစ်လာတာပါပဲ။ ခွဲခြမ်းသိမြင်နိုင်တဲ့ အသိဉာဏ်ရှိပြီး အသိပညာနဲ့အတတ်ပညာကျွမ်းကျင်တတ်မြောက်ရင် ပညာရှိတဲ့လူဖြစ်လာတာပါပဲ။ သီလလည်းရှိ၊ ပညာလည်းရှိမှ တန်ဖိုးရှိတဲ့လူဖြစ်ပါတယ်။ သီလလည်းရှိ၊ ပညာလည်းရှိပြီး တန်ဖိုးအရှိဆုံးလူဖြစ်ချင်ရင်တော့ ရသစာပေကိုရောသုတစာပေကိုပါ ဖတ်မှတ်လေ့လာနာယူကြရမှာဖြစ်ပါတယ်။ ဘာလို့လည်းဆိုတော့ ရသစာပေကသီလရှိအောင်လမ်းပြပေးနေသလို သုတစာပေကပညာရှိအောင် လမ်းပြပေးနေလို့ပါပဲ။ ။

**မောင်ကျော်(ပညာရေး)**

# မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAA) မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တွေ့ဆုံ





ရန်ကုန် ဖေဖော်ဝါရီ ၁၅

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)တွင် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းသည် အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ပနိုင်ငံများ၌ မြန်မာလုပ်သားများ အလုပ်အကိုင်ရရှိရေး၊ ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီများအကြား ဆက်စပ်ဆောင်ရွက်ပေးနေရသောအသင်းဖြစ်သောကြောင့် ဝန်ကြီးဌာနအတွက် အရေးကြီးသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ခေတ်နှင့်လျော်ညီသည့် လုပ်ငန်းစဉ်စနစ်များကိုလေ့လာပြီး အားသာချက်၊ အားနည်းချက်များ ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဖွဲ့ဝင်ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် စိတ်ရှည်သည်းခံ ထိန်းညှိဆောင်ရွက်ရန်လိုကြောင်း၊ မိမိနိုင်ငံ၊ မိမိအဖွဲ့အစည်း၊ မိမိလုပ်သားများ ဂုဏ်သိက္ခာရှိစွာ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)ရှိအဲယားကွန်းပြုပြင်ထိန်းသိမ်းရေးခန်းမ၊ လျှပ်စစ်ကျွမ်းကျင်မှု သင်တန်းခန်းမ၊ မော်တော်ယာဉ်ပြုပြင်ရေးသင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထန်းတပင်မြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံ (ထန်းတပင်) ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် အလုပ်သမားဆေးရုံကြီးတစ်ခုဖြစ်စေရေး၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့်ဆေးကုသမှုဝန်ဆောင်မှုကို ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အလုပ်သမားဆေးရုံကြီးရှိ အတွင်းလူနာကုသပေးသည့် ကုသဆောင်၊ လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် အောက်ဆီဂျင်စက်ရုံဝင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသည့် အာမခံအလုပ်သမားများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လှိုင်သာယာစက်မှုဇုန်ရှိ Myanmar I-Tex Garment အထည်ချုပ်စက်ရုံရှိ WCC အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များကို တွေ့ဆုံပြီး စက်ရုံတာဝန်ရှိသူများအား၊ အလုပ်သမားများအား အချိန်ပိုခိုင်းစေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဥပဒေပါ ခံစားခွင့်များ၊ လူမှုဖူလုံရေးဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်(EC)ဆိုင်ရာ ကိစ္စရပ်များကိုထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ(က)အဆင့်ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုစစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်း ပြိုင်ပွဲ(က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင်(က)အဆင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။


အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထွန်းမြတ်ရွှေ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**



(၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁) စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။

## မိုးလေဝသ သတင်း




မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြန်မာ့ဂုဏ်ဆောင်သည့်ကမ္ဘာ့အကောင်းဆုံးဆန် (World Best Rice)

ကိုဘုန်း(ထုတ်လုပ်)

“မြေကြီးမှ ရွှေသီး” ဆိုသလို ဆန်စပါးသည် မြန်မာ့စီးပွားရေးအသက်သွေးခဲဖြစ်သည်။ ဆန်သည် ကမ္ဘာပေါ်တွင် အရေးကြီးဆုံး အဓိကအစားအစာများထဲမှတစ်ခုဖြစ်ပြီး သန်းပေါင်းများစွာသောလူများအတွက် အထူးသဖြင့် အာရှတိုက်ရှိ အစားအစာများ၏အဓိကအစိတ်အပိုင်းဖြစ်သည်။ စပါးသည် မြက်ပင်မျိုးဖြစ်သည်။ အများအားဖြင့် တစ်နှစ်ခံပင်မျိုးဖြစ်၍ အချို့အပူပိုင်းဒေသများတွင် နှစ်ကြာခံပင်မျိုးဖြစ်သည်။ ရုက္ခဗေဒပညာရှင်များက ယခုစိုက်ပျိုးလုပ်ကိုင်နေကြသော စပါးမျိုးများသည် ရှေးအခါက အရိုင်းပေါက်ခဲ့သောစပါးမျိုးမှ ဆင်းသက်လာသည်ဟုဆိုသည်။ ရုက္ခဗေဒအလို အရ စပါးသည် “အိုရီဇာ”မျိုးစုတွင်ပါဝင်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေပြီး အမျိုးသားပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းပါဝင်သည်။ နိုင်ငံတော်၏ တောတောင်ရေမြေရာသီဥတုအနေအထားသည် ကောင်းမွန်ပြီး စိုက်ပျိုးမြေပေါကြွယ်ဝသည့်အလျောက် စိုက်ပျိုးရေးကဏ္ဍဖြစ်သည့် ဆန်စပါးကို အဓိကစီးပွားရေးကဏ္ဍအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏အဓိကစားနပ်ရိက္ခာဖြစ်သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက မြန်မာနိုင်ငံတွင် စပါးစိုက်ဧက ဟက်တာငါးသန်းအထိရှိခဲ့ပြီး ထိုစဉ်က မြန်မာနိုင်ငံသည် နှစ်စဉ်ပြည်ပသို့ ဆန်တန်ချိန်သုံးသန်းတင်ပို့နိုင်ခဲ့ကာ ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှုအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း စစ်ပြီးကာလတွင် ပြည်တွင်းမငြိမ်သက်မှုများကြောင့် စပါးစိုက်ပျိုးမှုလျော့နည်းခဲ့ရသည်။ ၁၉၆၅ ခုနှစ်နောက်ပိုင်းတွင် ဆန်ထုတ်လုပ်မှုအနည်းငယ် ပြန်လည်တိုးတက်လာခဲ့သည်။ စားရေရိက္ခာဖူလုံစေရန်နှင့် ဆန်တင်ပို့မှုတိုးတက်မြင့်မားလာစေရန် အထူးဆန်အထွက်နှုန်းအစီအစဉ်မှတစ်ဆင့် ဆန်နည်းပညာသစ်ကို ၁၉၇၇-၁၉၇၈ ခုနှစ်မှစတင်မိတ်ဆက်စိုက်ပျိုးခဲ့သည်။ ဆည်မြောင်းတာတမံများ၊ ရေလှောင်ကန်များ ဆောက်လုပ်ပေးခြင်း၊ ရှိရင်းစွဲဆည်မြောင်းများ ပိုမိုကောင်းမွန်လာစေရန် ပြုပြင်ပေးခြင်း၊ မြစ်ရေတင်စက်များတည်ထောင်ခြင်းနှင့် အထူးသဖြင့် စိုက်ပျိုးရေကို အာမခံချက်ပေးရန်မြေအောက်ရေကိုတူးဖော်ပေးခြင်း၊ နွေစပါးစိုက်ပျိုးခြင်း စသည်တို့ကြောင့် မြန်မာ့ဆန်စပါးလုပ်ငန်းသည် တိုင်းပြည်၏ဆန်ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးသည့်ရလဒ်ကောင်းများကို ရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းဈေးကွက်အကြိုက်စပါးမျိုး ၅၀ ခန့်နှင့် ပြည်ပဈေးကွက်အကြိုက် စပါးမျိုး ၂၀ ခန့်အပါအဝင် စပါးအမျိုးပေါင်း ၉၀ ကျော်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ပေါ်ဆန်းဆန်အား ၁၉၉၇-၁၉၉၈ ခုနှစ်ခန့်က ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ တောင်သူတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ဗုံလုံကျေးရွာမှ ပေါ်ဆန်းဘေးကြားစပါးမျိုးလေးပြည် ယူဆောင်ပြီး စမ်းသပ်စိုက်ပျိုးရာမှစတင်ခဲ့သည်။ စိုက်ပျိုးခါစတွင် တောင်သူကြိုက်နှစ်သက်မှု နည်းခဲ့သော်လည်း



နှစ်အနည်းငယ်ကြာလာသည်နှင့်အမျှ မိမိတို့ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသဖြင့် စိုက်ပျိုးဖြစ်ထွန်းခြင်း၊ အထွက်နှုန်းကောင်းခြင်း၊ ဆန်ထွက်ကောင်းခြင်း၊ စားသုံးမှုအရသာကောင်းခြင်းတို့ကြောင့် အသုံးများပြီး လူကြိုက်များလာခဲ့ရာ တောင်သူအချင်းချင်းမျိုးဖလှယ်၍ စိုက်ပျိုးမှုမှာတစ်စတစ်စများလာခဲ့သည်။ ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ရွှေဘိုမြို့နယ် တင်မကဘဲ ခရိုင်အတွင်းရှိ ဝက်လက်၊ ရေဦး၊ ခင်ဦး၊ ဒီပဲယင်း စသည့်မြို့နယ်များအထိပါ တိုးချဲ့စိုက်ပျိုးလာကြပြီး ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်အဖြစ် ထင်ရှားလာကာ ၂၀၀၆-၂၀၀၇ ခုနှစ်ခန့်မှစ၍ မန္တလေးဈေးကွက်တွင် “ရွှေဘိုပေါ်ဆန်း”ဆိုပြီး နေရာရလာခဲ့သည်။ ရွှေဘိုပေါ်ဆန်းစပါးမျိုးသည် မီးဒုန်းအုပ်စုဝင်ဖြစ်ပြီး သက်ကြီး၊ သက်လတ်၊ သက်လျင်ဟူ၍ သုံးမျိုးရှိသည့်အထဲမှ သက်လတ်ရာသီ စပါးရွှေဘိုပေါ်ဆန်းက ဈေးကွက်ဝင် လူကြိုက်အများဆုံးဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးသည်နိုင်ငံတော်၏ တတိယစပါးကျီတစ်ခုဖြစ်သည့်အားလျော်စွာ ရွှေဘိုဒေသတွင်သဖန်းဆိပ်ဆည်ရေဖြင့် စပါးစိုက်လယ်ဧက ၄ ဒသမ ၄ သိန်းခန့်ရှိရာ မိုးရေချိန် လက်မ ၄၀ ရှိသည့်အတွက် အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်သည့် ရွှေဘိုပေါ်ဆန်းစပါးတိုးတက်စိုက်ပျိုးလာကြသည်ကို စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရှိရသည်။ ရွှေဘိုပေါ်ဆန်းစပါးသည် ရွှေဘိုဒေသ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီခြင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်ခြင်းတို့ကြောင့် တင်ပို့ရောင်းချသူများအနေဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်ချဲ့ထွင်နိုင်ရန်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပြည်ပဈေးကွက်ရရှိရေးအတွက်လည်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အထွက်နှုန်းကောင်းသော၊ အရည်အသွေးကောင်းသောမျိုးကောင်းမျိုးသန့်စပါးများရွေးချယ်စိုက်ပျိုးခြင်း၊ ဈေးကွက်ခိုင်မာသော စပါးမျိုးပြောင်းလဲစိုက်ပျိုးခြင်း၊ GAP စနစ်ဖြင့် စနစ်တကျစိုက်ပျိုးခြင်း အစရှိသည့် နည်းလမ်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ရွှေဘိုပေါ်ဆန်းစပါးနှင့်ဆန်၏ထူးခြားကောင်းမွန်သည့် လက္ခဏာများသည် ဒေသ၊ ရေမြေရာသီဥတုနှင့်ကိုက်ညီသည့်အတွက် စပါးအထွက်ကောင်းခြင်း၊ အလေးချိန်စီးပြီး အနှစ်ပြည့်ဝခြင်း၊ စပါးပေါ်ချိန်မှစ၍ သိုလှောင်ချိန်ကာလများအထိ ဈေးကွက်ခိုင်မာပြီး ဈေးကောင်းရခြင်း၊ ဆန်ထွက်ကောင်းပြီး ဆန်အရည်အသွေးနှင့် ဆန်သားကောင်းမွန်ခြင်း၊ စပါးရိတ်ချိန်တွင် အစေ့ကြွေကျမှုနည်း၍ လေလွင့်မှုသက်သာခြင်း၊ အိုးတက်ခြင်း၊ အနံ့မွှေးပြီးနူးညံ့ခြင်းတို့ကြောင့် စားကောင်းသည့်ဆန်ဖြစ်သည်။

၂၀၁၁ ခုနှစ်၌ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံတွင် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် ရွှေဘိုပေါ်ဆန်းသည် “ကမ္ဘာ့အကောင်းဆုံးဆန်(World Best Rice)”အဖြစ် ရွေးချယ်ခံခဲ့ရသည်။ အရှေ့တောင်အာရှ ဆန်စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံများတွင် အကောင်းဆုံးသောအရည်အသွေးများနှင့်ထိပ်တန်းဆန်များ ကိုယ်စီပိုင်ဆိုင်ထားကြသည့်အနက် မြန်မာနိုင်ငံသည်လည်း ပါဝင်လာခြင်းဖြစ်သည်။ ထိုင်းမှစံပယ်နံ့မွှေးသော Hom Mali ဆန်၊ ကမ္ဘောဒီးယားနိုင်ငံမှ Malys Angkor ဆန်၊ ဗီယက်နမ်နိုင်ငံမှ ST24 ဆန်များနည်းတူ မြန်မာနိုင်ငံမှ ရွှေဘိုပေါ်ဆန်းကလည်း ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ရပ်တည်လာခြင်းဖြစ်ရာ မိမိတို့၏ဆန်အရည်အသွေးကို မပြတ်မြှင့်တင်နေရန်နှင့် အကောင်းဆုံးဆန်စပါးမျိုးသစ်များ ထပ်မံထွက်ပေါ်လာစေရန်လည်း ကြိုးပမ်းနေကြရမည်ဖြစ်သည်။ ရွှေဘိုပေါ်ဆန်းကို ပြည်တွင်းဈေးကွက်တွင် အများဆုံးရောင်းချရပြီး ပြည်ပဈေးကွက်တွင်လည်း “မြန်မာ့ပုလဲ” အမည်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ရွှေဘိုပေါ်ဆန်းဆန်ကို အသေးစိတ်တိကျသော သီးခြားအရည်အသွေးများ၊ နာမည်ဂုဏ်သတင်း သို့မဟုတ် ထူးခြားသော အသွင်အပြင်လက္ခဏာရှိသည့် အချို့သော တိုင်းပြည်၊ ဒေသ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်များမှလာသော ထုတ်ကုန်ပစ္စည်းများအပေါ် ပထဝီဝင်ဒေသဆိုင်ရာညွှန်းဆိုမှုအတွက် သိသာထင်ရှားစေသည့် အထောက်အထားလက်မှတ်တစ်ခုဖြစ်သော Geographical Indication(GI) ရရှိရေးအတွက် အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့်စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါအသိအမှတ်ပြုလက်မှတ်သည် ပုံမှန်အားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ရောင်းချသော ကုန်ပစ္စည်းများအတွက် ဈေးကွက်တန်ဖိုးကိုတိုးပွားစေပြီး ၎င်းထုတ်ကုန်များ၏အရည်အသွေးကြောင့် စားသုံးသူများ၏အသိအမှတ်ပြုမှုကို တည်ဆောက်နိုင်ခြင်းဖြင့် ဒေသထုတ်ကုန်များ၏ ကုန်အမှတ်တံဆိပ်ကိုကာကွယ်ပေးကြောင်း သိရှိရသည်။

မြန်မာ့ဆန်ကို ကမ္ဘာ့ဈေးကွက်တွင် ဈေးကွက်ဝေစုပိုမိုရရှိနိုင်ရန် စပါးစတင်စိုက်ပျိုးချိန်တွင် GAP စနစ်များဖြင့်စိုက်ပျိုးခြင်းမှစတင်ကာ ဓာတ်မြေဩဇာကျွေးခြင်း၊ စပါးအထွက်နှုန်းကောင်းစေရန်နှင့် ဆန်အရည်အသွေးမြင့်မားစေရန် အချိန်မီရိတ်သိမ်းခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာများဖြစ်သည့် စပါးအခြောက်ခံခြင်း၊ စပါးသန့်စင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ ဖြန့်ချိခြင်းနှင့်ကြိတ်ခွဲခြင်း စသည့်အဆင့်တိုင်းတွင် ဈေးကွက်ဝင်ဖြစ်စေရေးတို့ကို နိုင်ငံတကာကသတ်မှတ်ထားသောအဆင့်မီနေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးသည် နိုင်ငံတော်၏ ဦးတည်ချက်(၉)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက **“မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ရာ အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန်”**လိုအပ်ကြောင်းကို “မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂”ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။ ထို့ပြင် **“မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ဆန်နှင့်ပဲများသည် ဈေးကွက်ရရှိပြီးဖြစ်သဖြင့် ယခုထက်အရည်အသွေး ပိုမိုကောင်းမွန်သည့် ဆန်နှင့်ပဲများတင်ပို့နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဂုဏ်သတင်းရှိပြီးဖြစ်သည့် ပေါ်ဆန်းမွှေးဆန် ရောင်းအားမြှင့်တင်ရန်လိုကြောင်း”**ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ထိုသို့ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အတိုင်း အရည်အသွေးနှင့်အထွက်နှုန်းပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့စိုက်ပျိုးပြီး အရည်အသွေးမြင့်မြန်မာ့ဆန်များ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး၊ ကမ္ဘာ့ဆန်တင်ပို့သည့် ထိပ်တန်းနိုင်ငံနေရာသို့ ပြန်လည်ရောက်ရှိရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေးတို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။







ရွှေတိဂုံစေတီတော်မြတ်ကြီး ငှက်မြတ်နားတော်၌ ယခင်အလှူရှင်များ လှူဒါန်းထားမှုကို ကြည်ညိုသဒ္ဓါပွားဖွယ် ဖူးတွေ့ရစဉ်။

**❖ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ယခုနှစ် မတ်လတတိယပတ်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်၊ လက်ရှိတွင် ၆ ကျပ်သားရှိ ၁ ပေပတ်လည်ရွှေပြား(Gold Plate) ၁၄၀ ချပ်နှင့် ၁ ကျပ်သားရှိ ရွှေစင်ပြား(Gold Coating) ၂၅၀၀ ချပ်တို့ ကပ်လှူရန် ကျန်ရှိနေကြောင်း သိရှိရပြီး စေတနာရှင်အလှူရှင်များအနေဖြင့် ၆ ကျပ်သားရှိ ၁ ပေပတ်လည်ရွှေပြား(Gold Plate) တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ ၁ ကျပ်သားရှိ ရွှေစင်ပြား (Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းတို့ဖြင့် အသီးသီးပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင် . . .**

✯ **စာမျက်နှာ ၁၇ မှအဆက်**

ဒုတိယဖောင်းရစ်အထိ ရွှေပြားကပ်လှူပူဇော်ခဲ့ကြောင်း၊ ထို့နောက် ၁၉၄၉ ခုနှစ်မှ ၁၉၇၀ ခုနှစ်အထိ ၃ နှစ်လျှင်တစ်ကြိမ်၊ ၄ နှစ်လျှင်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြကြောင်း၊ ယင်းနောက် ၁၉၈၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၄ နှစ်လျှင် တစ်ကြိမ်၊ ၅ နှစ်လျှင်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြပြီး ယင်းကာလအတွင်း နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့ရသည့် ရွှေပြားများကိုလည်း လဲလှယ်ကပ်လှူ ပူဇော်ခဲ့ကြကြောင်း၊ ၁၉၈၀ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (နှစ်ပေါင်း ၄၀ ခန့်ကာလအတွင်း) ၄ နှစ်လျှင် တစ်ကြိမ်၊ ၅ နှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြရာ ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၉ ကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ငြမ်းစေတီကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး အောက်တိုဘာလ ၁၈ ရက်နေ့မှစ၍ မင်္ဂလာရထားပျံဖြင့် ရွှေပြားသင်္ကန်းတော်များကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။


စတင်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ကာ လက်ရှိအချိန်အထိ လုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ယခုနှစ် မတ်လတတိယပတ်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ၆ ကျပ်သားရှိ ၁ ပေပတ်လည်ရွှေပြား (Gold Plate) ၁၄၀ ချပ်နှင့် ၁ ကျပ်သားရှိ ရွှေစင်ပြား(Gold Coating) ၂၅၀၀ ချပ်တို့ ကပ်လှူရန် ကျန်ရှိနေကြောင်းသိရှိရပြီး စေတနာရှင်အလှူရှင်များအနေဖြင့် ၆ ကျပ်သားရှိ ၁ ပေပတ်လည်ရွှေပြား(Gold Plate) တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ ၁ ကျပ်သားရှိ ရွှေစင်ပြား(Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းတို့ဖြင့် အသီးသီး ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (၁၀၀)




ရွှေတိဂုံစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖူးမြော်ကြည်ညိုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြမ်းစေတီအထက်မှ ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများအား ကြည့်ရှုစဉ်။

ယခင်အလှူရှင်များ၏ လှူဒါန်းထားမှုများအား ကြည်ညိုသဒ္ဓါပွားဖွယ် ဖူးတွေ့ရစဉ်။

★ ရှေ့ဖုံးမှအဆက်

ကြည့်ရှုစစ်ဆေးဖူးမြော်ကြည်ညိုပြီး စိန်၊ ရွှေ၊ ကျောက်သံပတ္တမြားများနှင့် သာသနာရေးဆိုင်ရာပစ္စည်းများကို ကပ်လှူပူဇော်ကာ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငြမ်းစေတီအထက်မှ ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများအား ကြည့်ရှုပြီး မြို့သာယာလှပရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဎင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ငှက်မြတ်နားတော်မြတ်၏ ကြံ့ခိုင်မှုများနှင့် ယခင်အလှူရှင်များ၏ လှူဒါန်းမှုများအား ကြည်ညိုသဒ္ဓါတရားပွားများ ဖူးမြော်ကြည်ညိုသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နေရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင် ၆ ကျပ်သားရှိ ရွှေပြားသင်္ကန်းတော် ၂ ချပ်အား ကပ်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ခေတ်အဆက်ဆက် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခဲ့မှုနှင့် ယခု ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှု အခြေအနေများကိုတင်ပြရာ၌ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် အတွက် ၆ ကျပ်သားရှိ ၁ ပေပတ်လည်

ရွှေပြား(Gold Plate)အနေဖြင့် စုစုပေါင်း ၁၂၀၀ ချပ် လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိ ကပ်လှူပြီးစီးမှုမှာ ၁၀၆၀ ဖြစ်သဖြင့် ကပ်လှူရန်ကျန် ၁၄၀ ချပ် လိုအပ်လျက်ရှိမှု၊ ၁ ကျပ်သားရှိ ရွှေစင်ပြား(Gold Coating)အနေဖြင့် စုစုပေါင်း ၁၀၀၀၀ ချပ် လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိကပ်လှူပြီးစီးမှုမှာ ၇၅၀၀ ချပ် ဖြစ်သဖြင့် ကပ်လှူရန်ကျန် ၂၅၀၀ ချပ် လိုအပ်လျက်ရှိမှု၊ စေတနာရှင်အလှူရှင်များ အနေဖြင့် ၆ ကျပ်သားရှိ ၁ ပေ ပတ်လည် ရွှေပြား(Gold Plate) တစ်ချပ်လျှင် ငွေကျပ် သိန်း ၁၅၀ နှုန်း၊ ၁ ကျပ်သားရှိ ရွှေစင်ပြား (Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် လှူဒါန်းနိုင်မှုတို့နှင့်ပတ်သက် ၍ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်မြတ်အား စိန်၊ ရွှေ၊ ကျောက်သံပတ္တမြားများနှင့် သာသနာရေးဆိုင်ရာပစ္စည်းများကို ကပ်လှူပူဇော်ကာ ပရိတ်နံ့သာရည်များဖြင့်ပက်ဖျန်းပူဇော်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နေရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင် ၆ ကျပ်သားရှိ ရွှေပြားသင်္ကန်းတော် ၂ ချပ်အား ကပ်လှူပူဇော်စဉ်။





အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးမပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံနှင့် ရန်ကုန်မြို့တို့၏ အထင်ကရ စေတီတော်မြတ်ကြီးဖြစ်ပြီး ခေတ်အဆက်ဆက် မင်းများ၊ အစိုးရများနှင့်စေတနာရှင် ပြည်သူများက အစဉ်အဆက် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်မှုအနေဖြင့် ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် ငှက်ပျောဖူးတော်ကို ရွှေပြားသင်္ကန်းဖြင့် စတင်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ပြီး ၁၉၃၆ ခုနှစ်တွင်

**စာမျက်နှာ ၁၅ သို့** ✭

**ယခင်အလှူရှင်များ၏ လှူဒါန်းထားမှုများအား ကြည်ညိုသဒ္ဓါပွားဖွယ် ဖူးတွေ့ရစဉ်။**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays homage to Shwedagon Pagoda, inspects full-surface gold coating of the pagoda, donates gold plates



Chairman of the State Administration Council Prime Minister Commander-in-Chief of Defence Services Senior General Min Aung Hlaing sprinkles scented water on the diamond orb of the Shwedagon Pagoda.

NAY PYI TAW February 15

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Joint Secretary General Ye Win Oo, SAC members, union ministers, the Yangon Region chief minister, the Yangon Command commander and officials, paid homage to Shwegadon Pagoda on Theingottara Hill, Dagon Township, this morning.

The Senior General and party were welcomed by members of the Pagoda Board of Trustees and officials. The Senior General paid homage to Padamya Myetshin Buddha Image on the upper terrace of the pagoda and offered meals in the Emerald Bowl, flowers, water to the Image.

The Senior General and party climbed onto the scaffolding pagoda and observed the progress in offering gold plates to the Shwedagon Pagoda surface in full. They examined the durability of the diamond orb of the pagoda and offered diamonds, gold, jewels, and religious objects and sprinkled scented water on them. They also observed the panoramic view of Yangon urban development from the scaffolding pagoda and discussed further programs for beautifying and upgrading the city.

The Senior General and party examined the durability of the vane of Shwedagon Pagoda and rejoiced at the donations made by previous well-wishers. The Senior General installed two gold plates each weighing six ticals (over 98 grams), donated by Chairman of State Administration Council Prime Minister Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, and children and grandchildren on the spire-like structure and sprinkled scented water on the plates.

The Senior General and party heard a report on offering of gold plates to Shwedagon Pagoda throughout the past successive periods and the progress in fully installing gold-plates on the pagoda surface in 2024-2025, presented by the Union Minister for Religious Affairs and members of the board. They said the entire gold coating process needs 1,200 units of one-foot by one-foot gold plates each weighing six ticals. Up to now, 1,060 plates have been installed. Hence, the project needs 140 plates. The project also needs 10,000 gold plates, each weighing one tical. Up to now, 7,500 plates have been installed. Hence, the project needs 2,500 plates. Well-wishers can donate Ks-15 million per six ticals gold plate and Ks-2.5 million per one tical gold plate. The Senior General looked into the requirements.

The Senior General and party visited the pagoda and urged officials to ensure its sustainability and cleanness.

Shwedagon Pagoda is a sacrosanct religious edifice of Myanmar and Yangon. It had been preserved and maintained by kings, governments and the people throughout the past successive periods. As regards the gold-coating of the Shwedagon Pagoda, its spire-like structure was first gold-plated in 1899. In 1936, gold plates were offered on the ovolo moulding, and during the period between 1949 and 1970 gold-coating was conducted every three or four years. During the period between 1980 and 2019, gold-coating was conducted every four or five years and gold-plates damaged by various causes including natural disasters like Cyclone Nargis were replaced. From 1980 to 2019 (a period of about 40 years) gold-coating was conducted every four or five years, and the 9th full-surface gold-coating will be carried out in 2024-2025. Scaffolding pagoda was built on 19 September 2024 to offer gold plates. Beginning 18 October, gold plates were carried by a decorated carriage and up to now 80 percent of the work has been completed. Gold-coating process will be completed in the third week of March this year. At present, the project still needs 140 units of one-foot gold plate each weighing six ticals and 2,500 one tical gold plates. Well-wishers may donate Ks-15 million per six ticals gold plate and Ks-2.5 million per one tical gold plate.

100



Chairman of the State Administration Council Prime Minister Commander-in-Chief of Defence Services Senior General Min Aung Hlaing pays obeisance to the diamond orb of the Shwedagon Pagoda.



Chairman of the State Administration Council Prime Minister Commander-in-Chief of Defence Services Senior General Min Aung Hlaing installs gold plates donated by him, his wife Daw Kyu Kyu Hla and their children and grandchildren on the Shwedagon Pagoda.

►► From Page - 21

A new channel, "MRTV Entertainment Channel (me)," has been launched today, broadcasting in High Definition (HD) quality. Additionally, in the three major cities of Nay Pyi Taw, Yangon, and Mandalay, three Standard Definition (SD) channels have been upgraded to High Definition (HD) quality, one of which has been allocated to Mahar TV and was also launched today.

MRTV's broadcast media, including TV and Radio, which previously aired through traditional platforms, have now adapted to modern trends by making their content accessible via mobile phones through the "MRTV Application." Furthermore, the radio segment has been separated, and the "MRTV Radio Application" has been launched as part of this initiative.

These achievements are the result of the Ministry of Information and MRTV staff prioritizing the interests of the nation and its people, working with innovation, unity, and dedication to fulfill their responsibilities. This success is a testament to their collective efforts.

Today, MRTV is aligning with the Ministry of Information's reforms, striving to embody a youthful, dynamic, and modern state media model. It continues to fulfill its three core objectives: disseminating news and information, sharing knowledge, and providing entertainment. Through television, radio, and news online media platforms, MRTV delivers content and actively participates in national celebrations and major events, showcasing its pride and commitment to serving the public.

Additionally, MRTV has been actively engaging in public relations activities, such as providing entertainment and boosting morale for Tatmadaw members who are courageously fulfilling the nation's defence and security duties, even performing at frontline battlefields and military camps. They also entertain civil servants studying at the Civil Service Academy to help them relax and rejuvenate. Furthermore, MRTV organizes performances at recreational centers to uplift the spirits of future leaders who will be the pillars of the nation. These efforts reflect MRTV's deep commitment to public relations. Moreover, MRTV takes pride in broadcasting in 20 languages, including 18 ethnic languages, which is a commendable achievement.

ပလတ်စတစ်ညစ်ညမ်းမှုများသည် သမုဒ္ဒရာ၏ အစိတ်အပိုင်းအားလုံးကို စိမ့်ဝင်သွားပြီဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာသဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့(WWF)က လွန်ခဲ့သောနှစ်များစွာကတည်းက အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အဏ္ဏဝါမျိုးစိတ်များ၏ ၈၈ ရာခိုင်နှုန်းသည် သမုဒ္ဒရာအတွင်း ပလတ်စတစ်ညစ်ညမ်းမှုဒဏ်ကို ခံစားနေကြရပြီး လူတို့စားသုံးလေ့ရှိသော တိရစ္ဆာန်များအပါအဝင် ရေနေသတ္တဝါများစွာသည် အဆိုပါပလတ်စတစ်များကို မျိုချမိကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်း၌ ပလတ်စတစ်ထုတ်လုပ်မှုသည် ၂၀၄၀ ပြည့်နှစ်တွင် နှစ်ဆတိုးလာမည်ဟုခန့်မှန်းထားကာ ထိုဂယက်ကြောင့် သမုဒ္ဒရာအတွင်း ပလတ်စတစ်အမှိုက်များ အဆမတန်တိုးလာမည်ဖြစ်ပြီး ယင်းအမှိုက်များသည် ဂရစ်လန်းကျွန်း၏ နှစ်ဆခွဲမျှအရွယ်အစားရှိသောဧရိယာကို အကျိုးသက်ရောက်မှုရှိလိမ့်မည်ဖြစ်သကဲ့သို့ အထူးသဖြင့် ပင်လယ်ဝါ တရုတ်အရှေ့ပင်လယ်နှင့် မြေထဲပင်လယ်တို့တွင် သက်ရောက်မှုအများဆုံးဖြစ်နိုင်ကြောင်းကိုလည်း သတိပေးထားသည်။

### ချီလီအစိုးရ၏ ဥပဒေသစ်ငြိကာ

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်၌ အတက်ကြွဆုံး လုပ်ဆောင်သောနိုင်ငံများစာရင်းထဲတွင် ချီလီနိုင်ငံလည်းအပါအဝင်ဖြစ်သည်။ ကမ္ဘာပေါ်၌ နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန် သန်းချီထွက်ပေါ်နေခြင်းကြောင့် တစ်ခါသုံးပလတ်စတစ်များသုံးစွဲမှု ထိန်းညှိရန် ဥပဒေသစ်တစ်ရပ်ကို ချီလီအစိုးရက အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့သည်။

– စားသောက်ကုန်လုပ်ငန်းများတွင် တစ်ခါသုံးဇွန်း၊ ခက်ရင်း၊ ခွက်၊ ပန်းကန်များသုံးစွဲမှုကို အဓိကထိန်းချုပ်မည်ဖြစ်သကဲ့သို့ ဈေးဝယ်စင်တာများတွင်လည်း ပစ္စည်းများကို တစ်ခါသုံးပလတ်စတစ်များဖြင့် ထုပ်ပိုးခြင်းကိုလည်း ထိန်းချုပ်မည်ဖြစ်ကြောင်း၊

– ဤဥပဒေသစ်သည် ချီလီနိုင်ငံအတွင်း တစ်နှစ်လျှင် ပလတ်စတစ်အမှိုက်ထွက်ရှိမှု စုစုပေါင်းပမာဏမှ တန်ချိန်ပေါင်း ၂၃၀၀၀ ကျော်အထိ လျှော့ချနိုင်မည်ဖြစ်ရာ မိမိတို့နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်ကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊

– တစ်ခါသုံးပလတ်စတစ်ထုတ်လုပ်သည့်စက်ရုံများကိုလည်း ထုတ်လုပ်မှုပမာဏလျှော့ချရန် ဖိအားပေးမည်ဖြစ်ကြောင်း၊

– အဆိုပါ တစ်ခါသုံးပလတ်စတစ်အမှိုက်များကြောင့် ရေအောက်သတ္တဝါများ၊ ငှက်မျိုးစိတ်များ သေကျေပျက်စီးနေကြပြီး မြေဆီလွှာပျက်စီးမှုနှုန်းမြင့်မားလာကြောင်းကိုလည်း အများပြည်သူသိအောင် ရှင်းလင်းထုတ်ပြန်ခဲ့ကြောင်း၊

– သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ တချို့သောကဏ္ဍများတွင် ပလတ်စတစ်သုံးစွဲမှုကို ဥပဒေပြဋ္ဌာန်းပြီးသည်နှင့် ချက်ချင်းအကျုံးဝင်စေမည်ဖြစ်ပြီး ပလတ်စတစ်သုံးစွဲမှုကို ရာနှုန်းပြည့်တားမြစ်မည်ဖြစ်ကြောင်း၊

– သို့သော် စားသောက်ဆိုင်များတွင် ပလတ်စတစ်သုံးစွဲမှုကို ရာနှုန်းပြည့်တားမြစ်ရန် အခက်အခဲများရှိနေသည့်အတွက် အကန့်အသတ်ဖြင့် သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

### ပလတ်စတစ်ဆိုးကျိုး

ဓာတုဗေဒဆိုင်ရာနည်းပညာဖြင့် ဖန်တီးထုတ်လုပ်သော ပလတ်စတစ်သည် လူနေမှုဘဝကို အဘက်ဘက်မှအကျိုးပြုခဲ့သော်လည်း လူတို့နေထိုင်သောကမ္ဘာ၏ မြေထု၊ ရေထုပတ်ဝန်းကျင်အား အလွန်အမင်းထိခိုက်စေကြောင်းကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိလာကြသည်။ ပလတ်စတစ်ညစ်ညမ်းမှု၏ အဓိကပြဿနာမှာ ပလတ်စတစ်သည် စက္ကူ၊ သစ်ရွက်အမှိုက်၊ သစ်သား၊ ဝါး စသည့် အော်ဂဲနစ်ပစ္စည်းများကဲ့သို့ မြေကြီးနှင့်ရောနှောကာ မြေဩဇာဖြစ်သွားခြင်းမရှိ၊ ဆွေးမြည့်ကွယ်ပျောက်ခြင်းလည်းမရှိဘဲ နှစ်ပေါင်းများစွာတည်မြဲနေခြင်းကြောင့်ဖြစ်သည်။

ထို့မျှသာမက ယင်းပလတ်စတစ်သည် မြေကြီးထဲ၊ ရေထဲမှ ဓာတ်များနှင့် ဓာတုဗေဒတုံ့ပြန်မှုများဖြစ်ကာ ပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည့် ဓာတုဒြပ်ပေါင်းများထွက်ရှိလာသည်။ ထိုအခါ ရေထဲရှိ ရေနေသတ္တဝါများသေဆုံးကာ ဂေဟစနစ်ပျက်စီးခြင်းများကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်များရောက်ရှိနေမှုကို မထိန်းချုပ်နိုင်ပါက ၂၀၅၀ ပြည့်နှစ်အရောက်တွင် ပင်လယ်သမုဒ္ဒရာအတွင်းနေသတ္တဝါမျိုးစိတ်ပမာဏထက် ပလတ်စတစ်ပမာဏက ပိုများနေမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက သတိပေးထားသည်။

ဤနည်းအားဖြင့် ကမ္ဘာ့မြေထုကို ပလတ်စတစ်က ပျက်စီးစေကြောင်း သိပ္ပံပညာရှင်များကတွေ့ရှိပြီးနောက် ပင်လယ်သမုဒ္ဒရာများထဲအထိ မျောပါသွားသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းအပိုင်းအစများသည် ရေ၏ပင်ကိုဂုဏ်သတ္တိကို ပျက်စီးစေရုံသာမက ငါးနှင့်တခြားရေသတ္တဝါများသေကျေပျက်စီးသည်အထိ ဘေးဖြစ်စေကြောင်း ဆက်လက်ဖော်ထုတ်နိုင်ခဲ့ကြသည်။ ထို့နောက် သက်ဆိုင်ရာအစိုးရအာဏာပိုင်များနှင့် ပတ်ဝန်းကျင်သိပ္ပံပညာရှင်များပူးပေါင်းကာ ကမ္ဘာတစ်ဝန်း ပင်လယ်သမုဒ္ဒရာများအတွင်းရှိ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စီမံချက်များရေးဆွဲပြီး ရှင်းလင်းဖယ်ရှားခဲ့ကြသည်။ ထိုသို့ရှင်းလင်းဖယ်ရှားခဲ့သည့်တိုင် လူတို့၏မဆင်မခြင်စွန့်ပစ်မှုကြောင့် ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ညစ်ညမ်းနေဆဲဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု စမစ်ဆိုးနီးယန်းပတ်ဝန်းကျင်သုတေသနဌာန ဦးဆောင်သုတေသီ ဒေါက်တာလင်းဆေးဟာရမ်က အတည်ပြုပြောကြားသည်။

အဆိုပါသုတေသနကို ဟာဝိုင်ယီတက္ကသိုလ်မှ အဏ္ဏဝါဇီဝပညာရှင်များနှင့် ပူးတွဲလေ့လာခဲ့ကြရာ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ပလတ်စတစ်အမှိုက်ပမာဏသည် တန်ချိန်ပေါင်း ၇၉၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။

### ကိုဗစ်-၁၉ နှင့် ပလတ်စတစ်အမှိုက်အန္တရာယ်

ကိုဗစ်ကာလ ကြာရှည်လာသည်နှင့်အမျှ ကပ်ရောဂါနှင့်ဆက်စပ်နေသော ပလတ်စတစ်ပစ္စည်းများစွန့်ပစ်မှုကလည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြီးစွာသောအဟန့်အတားဖြစ်စေသည်။ ယင်းပလတ်စတစ်အများစုသည် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးရုံ၊ ဆေးခန်းများမှထွက်ရှိသည့် ဆေးဘက်ဆိုင်ရာစွန့်ပစ်ပစ္စည်းများနှင့် အွန်လိုင်းဈေးဝယ်အစားအသောက် ထုပ်ပိုးပစ္စည်းများဖြစ်ကြသည်။ လူအများက ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို တက်ညီလက်ညီ စနစ်တကျစွန့်ပစ်မည်ဆိုပါက သက်ဆိုင်ရာအမှိုက်ပုံးများသို့ ရောက်ရှိသွားမည်ဖြစ်သော်လည်း စည်းကမ်းမဲ့စွန့်ပစ်ထားသော ပလတ်စတစ်ပစ္စည်းများမှာ ရေမြောင်းများ၊ မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်ထဲသို့မျောပါသွားကြသည်။ ထိုမှတစ်ဆင့် သေးငယ်သောအစိတ်အပိုင်းများသည် သမုဒ္ဒရာထဲသို့ ရောက်သွားမည်ဖြစ်ကာ နောက်ဆုံးတွင် အာတိတ်သမုဒ္ဒရာ၌ စုပုံလာနိုင်ကြောင်း ပညာရှင်များကခန့်မှန်းထားသည်။

### ကုလသမဂ္ဂမှ ထုတ်ပြန်ထားသော ပလတ်စတစ်အမှိုက်များအကြောင်း

ပလတ်စတစ်အန္တရာယ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် ထုတ်ပြန်သောအစီရင်ခံစာတစ်ရပ်အရ အောက်ပါအတိုင်းဖော်ပြထားကြောင်း သိရသည်။

– ကမ္ဘာပေါ်တွင် နှစ်စဉ် ပလတ်စတစ်တန်ချိန် သန်း ၅၀၀ မှ တန်ချိန်သန်းပေါင်းတစ်သန်း(၁ ထရီလီယံ)အထိ သုံးစွဲလျက်ရှိပြီး မိနစ်တိုင်းတွင် ပလတ်စတစ်အိတ်ပေါင်းတစ်သန်းနီးပါး စွန့်ပစ်နေကြသည်။

– ကမ္ဘာ့ပေါ်တွင် နှစ်စဉ် ကုန်စုံဆိုင်လုပ်ငန်းသုံးအိတ်များကို ၅ ထရီလီယံအထိ သုံးစွဲနေပြီး ပလတ်စတစ်အိတ်များကို ပြန်လည်အသုံးပြုမှုမရှိသဖြင့် ကမ္ဘာကြီးသည် အမှိုက်များဖြင့်ပိတ်နေပြီဖြစ်သည်။ ထို့ကြောင့် ရာစုနှစ်ဝက်အရောက်တွင် ပလတ်စတစ်အိတ်တန်ချိန် ၁၂ ဘီလီယံကြောင့် ကမ္ဘာကြီးသည် ရေလွှမ်းမိုးမှုဒဏ်ခံစားရနိုင်သည်။ ထိုသို့ နှစ်စဉ် ပလတ်စတစ်အိတ် ၅ ထရီလီယံအသုံးပြုနေခြင်းက တစ်မိနစ်လျှင် ပလတ်စတစ်အိတ် ၁၀ သန်းနီးပါးအသုံးပြုခြင်းနှင့် ညီမျှသည်။

– အသုံးပြုပြီးပလတ်စတစ်အိတ်များကို ပြန်လည်အသုံးပြုမည့်အစား စွန့်ပစ်သဖြင့် အသုံးပြုပြီးပလတ်စတစ်အိတ် ၇၉ ရာခိုင်နှုန်းသည် အမှိုက်အဖြစ်အဆုံးသတ်သွားသည်။

– ပလတ်စတစ်အိတ်များသည် ရေဆိုးပိုက်များတွင်ပိတ်နေသဖြင့် ရောဂါပိုးမွှားများပျံ့နှံ့ကူးစက်နိုင်ပြီး အကယ်၍ တိရစ္ဆာန်များ၏အစားအစာထဲသို့ ပါသွားပါက အသက်ဆုံးရှုံးနိုင်သည်။ အိန္ဒိယနိုင်ငံ၌ သေဆုံးသွားသောနွားများ၏ ဝမ်းဗိုက်အတွင်း ပလတ်စတစ်အိတ်များတွေ့ရှိရပြီး ထိုင်းနိုင်ငံ၌ ဝေလငါးတစ်ကောင်သည်လည်း အသုံးပြုပြီး ပလတ်စတစ်အိတ်များစားသုံးမိသဖြင့် သေဆုံးခဲ့သည်။

### ကမ္ဘာ့အညစ်ညမ်းဆုံးမြစ် ၁၀ စင်းတွင် ဧရာဝတီမြစ်ပါဝင်

ကမ္ဘာ့အညစ်ညမ်းဆုံးမြစ် ၁၀ စင်းတွင် မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်လည်း ပါဝင်ကြောင်း မြန်မာနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များထိန်းသိမ်းရေးအဖွဲ့ (FFI) ၏ ၂၀၂၂ ခုနှစ်စစ်တမ်းတွင် ဖော်ပြထားသည်။ ဧရာဝတီမြစ်အတွင်းသို့ နေ့စဉ် ပလတ်စတစ်စွန့်ပစ်ပစ္စည်း ၁၁၉ တန်ခန့် စီးဝင်လျက်ရှိပြီး မြစ်အတွင်း ပလတ်စတစ်စွန့်ပစ်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုများလာခြင်းကြောင့် ကမ္ဘာပေါ်ရှိ အညစ်ညမ်းဆုံးမြစ် ၁၀ စင်းတွင် ဧရာဝတီမြစ်က နံပါတ် (၉) အဆင့်ရောက်နေကြောင်း သိရသည်။ ဧရာဝတီမြစ်အတွင်းသို့ မြစ်ဝကျွန်းပေါ်ဒေသများမှ တစ်ရက်လျှင် ပလတ်စတစ် ၃၂ တန်ခန့် စွန့်ပစ်နေကြပြီး အဆိုပါစွန့်ပစ်မှုပမာဏသည် လူဦးရေထူထပ်သည့် ရန်ကုန်မြို့၏ တစ်ရက်လျှင် ပလတ်စတစ်စွန့်ပစ်မှု ၂၉ တန်ထက် ပိုများနေကြောင်း စစ်တမ်းတွင်ပါရှိသည်။

ထို့ကြောင့် အဆိုပါတိုင်းဒေသကြီးအတွင်းရှိ ဈေးများ၌ ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ဖြင့် အစားထိုးထုပ်ပိုးသုံးစွဲနိုင်စေရန် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးအတွက် အသိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ ပြည်သူများပါဝင်ဆောင်ရွက်ပေးနိုင်ရေး လက်ကိုင်စပီကာများဖြင့် အသိပညာပေးနှိုးဆော်ခြင်း၊ ပလတ်စတစ်အိတ်သုံးစွဲမှုတွေ့ရှိပါက စီမံဒဏ်ကြေးငွေပေးဆောင်စေလျက် အရေးယူဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ရေထုသန့်ရှင်းရန်အတွက် လူသားတို့တာဝန်

မြန်မာနိုင်ငံတွင် သန့်ရှင်း၍ ဘေးကင်းသောသောက်သုံးရေကို နိုင်ငံအတွင်းရှိအိမ်ထောင်စုများ၏ ၄၁ ဒသမ ၄ ရာခိုင်နှုန်းကသာ သုံးစွဲခွင့်ရရှိနေသည်။ သန့်ရှင်း၍ ဘေးကင်းသောသောက်သုံးရေဆိုသည်မှာ ရောဂါပိုးမွှားကင်းစင်ပြီး ကောင်းမွန်သောရေအရင်းအမြစ်မှ အချိန်မရွေး လက်တစ်ကမ်းတွင်ရနိုင်သောရေဖြစ်သည်။ အိမ်ထောင်စုများ၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းသည် မြစ်များ၊ ချောင်းများ၊ ဆည်များ၊ တူးမြောင်းများ၊ ကန်များ စသည့်မြေပေါ်ရေများကိုသုံးစွဲနေကြရသည်။ ထို့ကြောင့် လက်ရှိ ကမ္ဘာ့အညစ်ညမ်းဆုံးမြစ်စာရင်းဝင် ဧရာဝတီမြစ်ကို ဝိုင်းဝန်းစောင့်ရှောက်ကြရန်နှင့် ဧရာဝတီမြစ်နည်းတူ အလားတူ မြစ်၊ ချောင်း၊ အင်းအိုင်များ မြန်မာနိုင်ငံအတွင်း ထပ်မံမဖြစ်ပေါ်စေရေးမှာလည်း မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ပေသည်။

ပလတ်စတစ်ထုတ်ကုန်များသည် ဈေးနှုန်းသက်သာပြီး ထုပ်ပိုးရန်လွယ်ကူသော်လည်း ကျန်းမာရေးဆိုင်ရာပြဿနာများကိုဖြစ်ပေါ်စေခြင်း၊ ဆွေးမြည့်ရန်မလွယ်ကူခြင်း၊ ဂေဟစနစ်ကိုပျက်စီးစေခြင်း စသည့်ဆိုးကျိုးများကိုသာဖြစ်ပေါ်စေသည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှုများမှာ လူသားတို့၏ စည်းကမ်းမဲ့၊ ဆင်ခြင်တုံတရားမဲ့မှုတို့ကြောင့် ဖြစ်လာရသည်။ ပြုပြင်ထိန်းသိမ်းမှု၊ တားဆီးကာကွယ်ထိန်းချုပ်မှုများကို အချိန်မနှောင်းမီပြုလုပ်ကြရန်အတွက် လူတိုင်းကိုယ်စီ အသိတရားများဖြင့် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်သည်။

သို့ပါ၍ အများပြည်သူအနေဖြင့် ပလတ်စတစ်အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း၊ ဈေးဝယ်ထွက်လျှင် ဈေးဝယ်အိတ်၊ ဆွဲခြင်းများအသုံးပြုခြင်း၊ အလွယ်တကူဆွေးမြည့်နိုင်သော ထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကိုလျှော့ချရန်လိုအပ်ပါကြောင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်အသွယ်သွယ်မှရှောင်လွှဲ၍ အညစ်အကြေးကင်းစင်သန့်ရှင်းသည့်ပတ်ဝန်းကျင်ကို လူတိုင်းကိုယ်စီတည်ဆောက်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

# အမျိုးသားပြတိုက် ( ရန်ကုန် )၌ “မြန်မာ့သနပ်ခါးနေ့” အထိမ်းအမှတ် လှုပ်ရှားမှုအစီအစဉ်ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့များနှင့်ပတ်သက်၍ပြည်သူလူထုအား ပညာပေးလှုပ်ရှားမှုအဖြစ် ဖေဖော်ဝါရီလ ၇ ရက်မှစ၍ မတ်လ ၃၁ ရက်အထိ ဆောင်ရွက်လျက်ရှိရာ အမျိုးသားပြတိုက်( ရန်ကုန် )၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် ပြည်သူလူထုအား ပညာပေးလှုပ်ရှားမှုအစီအစဉ်သို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ တက်ရောက်အားပေးသည်။

အမျိုးသားပြတိုက် ( ရန်ကုန် )၌ “မြန်မာ့သနပ်ခါးနေ့” အထိမ်းအမှတ် လှုပ်ရှားမှုအစီအစဉ်အဖြစ် ဒုတိယထပ် Lobby တွင် ကျောင်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများပြည်သူလူထုများလာရောက်လေ့လာရာ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမျိုးသားပြတိုက် ( ရန်ကုန် ) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းနှင့် တာဝန်ရှိသူများက မြန်မာ့သနပ်ခါး၏ အသုံးဝင်ပုံ၊ မြန်မာတို့၏ နေ့စဉ်ဘဝအတွက် အရေးပါပုံနှင့် မြန်မာ့သနပ်ခါး၏ထူးခြားမှုအကြောင်းများကို ပညာပေးဟောပြောပြီး လာရောက်လေ့လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ကိုယ်တိုင်သနပ်ခါးသွေး၍ အချင်းချင်းပျော်ရွှင်စွာ လိမ်းခြယ်ကြသည်။







ရှားပါး မြန်မာ့သနပ်ခါး ကျောက်ပျဉ်နှင့် မှန်တင်ခုံများ၊ Holographic Fan များ၊ ဖြ လက်မ TV ဖြင့်အမျိုးသားပြတိုက်( ရန်ကုန်) ၏ နေ့စဉ်သနပ်ခါးလှုပ်ရှားမှု ဓာတ်ပုံမှတ်တမ်းများ၊ ဗီဒီယိုမှတ်တမ်းများ၊ သနပ်ခါးသီချင်းများကိုပြသလျက်ရှိရာ မေရီချက်(ပ်)မင်း ဆွံ့အနားမကြားကျောင်း၊ ကိုယ်ပိုင်ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ မြတ်စွာဘုရားရှင်အား နံ့သာမီးဖြင့် ပူဇော်ကြသည့် ဓလေ့ထုံးတမ်းအစဉ်အလာကို အစွဲပြု၍ ၂၀၂၁ ခုနှစ်တွင် တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ သနပ်ခါးသည် မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်တစ်ခုဖြစ်ပြီး မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုတွင် အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရှိရန် လိုအပ်လျက်ရှိသဖြင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဆိုင်ရာ အစီအစဉ်များတွင် နိုင်ငံသားအားလုံးပါဝင်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်လျက်ရှိရာ သနပ်ခါးဆိုင်ရာ အထောက်အထားများကို ပြည်သူများမှ ပါဝင်ပြီး Practice of Thanakha Culture in Myanmar အချက်အလက်များ ဖြည့်သွင်းနိုင်ရန်အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပြတိုက်များတွင် ထားရှိသည့် QR Code ကို Scan ဖတ်၍လည်းကောင်း၊ Online စာမျက်နှာ ( https://docs.google. com/forms/d/e/1FAIpQLSeWCYIUWDb2Om36LyK9e_mgyaA6VXz8xioVZKnFNUNv6jWSog/viewform ) မှ Google Form တွင် သနပ်ခါးဆိုင်ရာ အချက်အလက်များ ဖြည့်သွင်း၍လည်းကောင်း ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဆဋ္ဌမနေ့ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲ





**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက် လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။

ယနေ့သည် အများပြည်သူရုံးပိတ်ရက်ဖြစ်သည့်အပြင် ရပ်ဝေးရပ်နီးမှ ပြည်သူများ ပွဲတော်သို့ လာရောက်လည်ပတ်မှု တစ်ရက်ထက်တစ်ရက် များပြားခဲ့သည့်အတွက် ထပ်တိုးကျင်းပသည့်ရက်ဖြစ်သည်နှင့်အညီ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များနှင့် MSME ဆိုင်ရာထုတ်ကုန်များ၊ ယာဉ်နှင့်ဆိုင်ကယ်အရောင်းပြခန်းများ၊ ဆီကုန်သည်များအသင်းအရောင်းပြခန်း၊ စက်မှုဝန်ကြီးဌာနအရောင်းပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာပြခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း၊ တိုင်းရင်းသားရိုးရာအစားအစာအရောင်းဆိုင်ခန်းများ၊ သမဝါယမထုတ်ကုန်များအသင်းအရောင်းပြခန်း၊ ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့်ပြခန်းတို့တွင် လေ့လာသူ၊ ဈေးဝယ်သူ၊ လုပ်ငန်းချိတ်ဆက်ဆောင်ရွက်သူများဖြင့် အထူးစည်ကားများပြားခဲ့သည်။

ထိုသို့ ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းများနှင့် ဝန်ကြီးဌာနပြခန်းများအလိုက် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက်ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို ပြည့်စုံစွာရှင်းလင်းပြသပေးကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက်ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများစိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားရိုးရာအစားအသောက်များကိုလည်း လတ်ဆတ်စွာဖြင့် ရောင်းချပေးလျက်ရှိရာ နှစ်ခြိုက်စွာစားသုံးကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

ညပိုင်းတွင်လည်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့်တေးသီချင်းများကို မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်တွင်လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာမျှဝေမှုများ၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေးဆွေးနွေးမျှဝေပေးမှုများ၊ ဈေးကွက်စီးပွားရေးလိုအပ်ချက်များကို အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်ဗဟုသုတအကြောင်းအရာများဖြင့် ကဏ္ဍစုံမျှဝေသွားမည်ဖြစ်ရာ မိဘပြည်သူများလက်မလွှတ်တမ်း လာရောက်လေ့လာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း– အေးအေးသန့်၊ ကျော်စွာဝင်း**
**ဓာတ်ပုံ – ထိန်နန်းနေဒ်**


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
Skynet Bill Payment ပေးသွင်းခြင်း
Gift Card ပေးခြင်း
Internet Bill ပေးဆောင်ခြင်း
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
ဈေးဝယ်ခြင်း
Myanmar MOBILE MONEY
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

# နိုင်ငံတကာသတင်းတိုကဏ္ဍ

## မနီလာမြို့တော်ရှိ လူနေရပ်ကွက်တစ်ခုတွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားရာ လူ ၄ ဦးသေဆုံးပြီး ၂ ဦးဒဏ်ရာရ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ရှိ လူနေရပ်ကွက်တစ်ခုတွင် ဖေဖော်ဝါရီလ ၁၅ ရက် အစောပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူ ၄ ဦးသေဆုံးပြီး အခြား ၂ ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

မီးလောင်ကျွမ်းမှုသည် မနီလာရှိ ပါဆေးစီးတီးတွင် အရုဏ်မတက်မီအချိန်ခန့်က ဖြစ်ပွားခြင်းဖြစ်ပြီး သေဆုံးသူများ၏ ရုပ်အလောင်းများကို ပြန်လည်ရရှိထားပြီး ဖြစ်ကြောင်း မီဒီယာတစ်ခုကဖော်ပြသည်။ ဒဏ်ရာရရှိသူများမှာ စိုးရိမ်ရသည့်အခြေအနေတွင်မရှိကြောင်း GMA သတင်းဌာနက ထုတ်ပြန်ထားကြောင်းသိရသည်။

Ref:Xinhua

..............................

## မည်သည့်နိုင်ငံကမျှ ၎င်းတို့၏ပုံစံအတိုင်းလုပ်ဆောင်ရန် ဥရောပအား ဖိအားပေး၍မရနိုင်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးပြော

မည်သည့်နိုင်ငံကမျှ ၎င်းတို့၏ ပုံစံအတိုင်းလုပ်ဆောင်ရန် ဥရောပအား ဖိအားပေး၍ မရနိုင်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယင်းနိုဝယ်ဘားရော့က ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပြောကြားသည်။

ဥရောပနိုင်ငံများ၏ပုံစံအတိုင်း မည်သည့်နိုင်ငံကမျှ လုပ်ဆောင်ရန်မလိုအပ်သလို ဥရောပအနေဖြင့်လည်း ၎င်းတို့၏ပုံစံအတိုင်းလုပ်ဆောင်ရန် ဖိအားပေးစေခိုင်းနိုင်မည်မဟုတ်ဟု ဘားရော့က ၎င်း၏ဆိုရှယ်မီဒီယာဝက်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

ဥရောပက မိမိကိုယ်မိမိယုံကြည်မှုရှိနေစဉ် အခြားသူများ၏ဝေဖန်မှုကြောင့် ခြိမ်းခြောက်ခံရမည်မဟုတ်ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗင့်၏ ပြောကြားချက်ကို ကိုးကား၍ ၎င်းကပြောခြင်းဖြစ်သည်။

ဥရောပ၏ ရွေးကောက်ပွဲနှင့် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ အမေရိကန်ဒုတိယသမ္မတ ဗင့်က ဖေဖော်ဝါရီလ ၁၄ရက်တွင် ဝေဖန်ပြောကြားခဲ့ကြောင်းသိရသည်။

Ref:Xinhua

## သူခိုးများက ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ ဘဏ်တစ်ခုမှ ယူရို ၁၀ သန်းခန့် ခိုးယူလွတ်မြောက်




**ဘာလင်၊ ရာဇဝတ်မှု**

ဂျာမနီနိုင်ငံမှ ဘဏ်သူခိုးများသည် နိုင်ငံမြောက်ပိုင်း လူဘက်မြို့ရှိ လုံခြုံရေး လျော့ရဲသည့် Deutsche Bank ဘဏ်ခွဲတစ်ခုမှယူရို ၁၀ သန်းခန့် ခိုးယူလွတ်မြောက်သွားခဲ့ကြောင်း Bild သတင်းစာ၏ ဖော်ပြချက်ကို ကိုးကား၍ မီဒီယာတစ်ခုက ဖော်ပြသည်။

ဖော်ပြချက်များအရ သူခိုးလေးဦးသည် ဘဏ်၏ပိုင်နက်အတွင်းသို့ ဝင်ရောက်ပြီးနောက် ငွေကြေးများနှင့် အခြားအဖိုးတန်ပစ္စည်းများထားရှိရာ မီးခံသေတ္တာအတွင်းသို့ အလွယ်တကူ ဝင်ရောက်ခဲ့ကြောင်း၊ ထို့နောက် ၎င်းတို့သည် ဘဏ်ပိတ်ချိန်အထိ စောင့်ဆိုင်းပြီးမှ မီးခံသေတ္တာအတွင်းရှိ အံဆွဲများကို ရိုးရိုးသာမန်သော့များဖြင့် ဖွင့်ကာ အတွင်းမှ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို ခိုးယူသွားခြင်းဖြစ်ကြောင်း သိရသည်။

ထူးခြားသည့်အချက်မှာ မီးခံသေတ္တာအတွင်း၌ ကင်မရာနှင့်လူသား၏လှုပ်ရှားမှုကို စောင့်ကြည့်နိုင်သည့် စောင့်ကြည့်ရေးကင်မရာတပ်ဆင်ထားမှုမရှိခြင်းဖြစ်သည်။

ဘဏ်တွင်တပ်ဆင်ထားသည့်အချက်ပေးအသံမှာလည်း သူခိုးများထွက်ခွာသွားမှသာ ထွက်ပေါ်လာခြင်းဖြစ်ပြီး ယင်းနောက်တွင် သူခိုးများသည် ဘဏ်၏အနောက်ဘက်တွင် ရပ်ထားသည့် ကားများဖြင့် ထွက်ပြေးလွတ်မြောက်သွားကြောင်း သတင်းစာတွင်ဖော်ပြထားသည်။

သူခိုးများသည် မြေအောက်ရှိ မီးခံသေတ္တာ၏ အခြေအနေကို သိရှိနိုင်ရန်အတွက် အဆိုပါမီးခံသေတ္တာမှ အံဆွဲအချို့အား ကြိုတင်ငှားရမ်းခဲ့ကြောင်းသိရသည်။ လက်ရှိတွင် Deutsche Bank အနေဖြင့် အဆိုပါဘဏ်၏ လုံခြုံရေးတင်းကျပ်ခဲ့ပြီး သူခိုးများအား ရဲတပ်ဖွဲ့က လိုက်လံရှာဖွေလျက်ရှိကြောင်းသိရသည်။

သူခိုးများသည်ဘဏ်၏အဆောက်အအုံအတွင်း လူမသိ၊သူမသိနေနိုင်ခဲ့သည့်အပြင် ငွေကြေးများကို ခိုးယူသွားခြင်းနှင့် စပ်လျဉ်း၍ ဘဏ်၌သာ တာဝန်ရှိသည်ဟု အဆိုပါဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုများ ရယူနေသူပြည်သူများ၏ ရှေ့နေကပြောကြားခဲ့ကြောင်းသိရသည်။ Ref: Ivt, Apa

## ဟားမက်အဖွဲ့က ပြန်လွှတ်ပေးလိုက်သည့် ဓားစာခံ ၃ ဦး အစ္စရေးသို့ပြန်လည်ရောက်ရှိ



**ဂျေရုဆလင်၊ နိုင်ငံရေး**

အစ္စရေးနှင့် ပါလက်စတိုင်း ဟားမက်အဖွဲ့တို့ကြား ချမှတ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ဟားမက်အဖွဲ့ကပြန်လွှတ်ပေးလိုက်သည့် ဓားစာခံ၃ ဦးမှာ ဖေဖော်ဝါရီလ ၁၅ရက်တွင် အစ္စရေးနိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်သည်။

ဟားမက်အဖွဲ့သည် အဆိုပါဓားစာခံများအား ဖေဖော်ဝါရီလ ၁၅ ရက်အစောပိုင်းတွင် ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ပြီး ၎င်းဓားစာခံများတွင် အသက် ၂၉ နှစ်အရွယ် အစ္စရေး-ရုရှားနိုင်ငံသားတစ်ဦး၊ အသက် ၃၆ နှစ်အရွယ် အစ္စရေး-အမေရိကန်နိုင်ငံသားတစ်ဦးနှင့် အသက် ၄၆ နှစ်အရွယ်ရှိ အစ္စရေး-အာဂျင်တီးနားနိုင်ငံသားတစ်ဦးတို့ပါဝင်ကြောင်းသိရသည်။

ဟားမက်အဖွဲ့သည် ၎င်းတို့အား ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် အစ္စရေးနိုင်ငံတောင်ပိုင်း၌ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်။

ပြန်လွှတ်ပေးလိုက်သည့်ဓားစာခံများအား ကနဦးဆေးစစ်မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အား ချိုးဖောက်သည်ဟု ဟားမက်အဖွဲ့က စွပ်စွဲပြီးနောက် ၎င်းတို့ထိန်းသိမ်းထားသည့် ဓားစာခံများပြန်လွှတ်မှုကို ရွှေ့ဆိုင်းမည်ဟု ကနဦးတွင် ရည်ရွယ်ခဲ့သော်လည်း အကျဉ်းသားလဲလှယ်မည့် အစီအစဉ်ကို စီစဉ်ထားသည့်အတိုင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref: RT, Xinhua

## အီလွန်မက်ဦးဆောင်သည့် ရင်းနှီးမြှုပ်နှံသူအဖွဲ့တစ်ဖွဲ့က OpenAI ကုမ္ပဏီကို ဒေါ်လာ ၉၇ ဒသမ ၄ ဘီလီယံဖြင့် ဝယ်ယူရန်ကမ်းလှမ်းချက် တရားဝင်ပယ်ချခံရ

**ဆန်ဖရန်စစ္စကို၊ နည်းပညာ**

အီလွန်မက်ဦးဆောင်သည့် ရင်းနှီးမြှုပ်နှံသူအဖွဲ့တစ်ဖွဲ့က ChatGPT chatbot ကို ထုတ်လုပ်ခဲ့သည့် OpenAI ကုမ္ပဏီကို ဒေါ်လာ ၉၇ ဒသမ ၄ ဘီလီယံဖြင့်ဝယ်ယူရန် ကမ်းလှမ်းချက်အား အဆိုပါကုမ္ပဏီက တရားဝင်ပယ်ချလိုက်ကြောင်းသိရသည်။

အီလွန်မက်နှင့် ရင်းနှီးမြှုပ်နှံသူများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် OpenAI ကုမ္ပဏီကို ဒေါ်လာ ၉၇ ဒသမ ၄ ဘီလီယံဖြင့်ဝယ်ယူရန် ကမ်းလှမ်းခဲ့ကြောင်းကို The Wall Street Journal က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဖော်ပြခဲ့သည်။

သို့ရာတွင် အီလွန်မက်၏ကမ်းလှမ်းချက်ကို OpenAI ကုမ္ပဏီဘုတ်အဖွဲ့က သုံးသပ်ခဲ့ပြီးနောက် အဆိုပါကမ်းလှမ်းချက်ကို ဘုတ်အဖွဲ့က ဖေဖော်ဝါရီလ ၁၄ ရက်တွင် ပယ်ချခဲ့ခြင်းဖြစ်ကြောင်း OpenAI ကုမ္ပဏီ၏ ရှေ့နေဖြစ်သူ ဝီလီယံဆားဗစ်က ပြောသည်။





ထို့ပြင် OpenAI ကုမ္ပဏီကိုရောင်းချမည်မဟုတ်ဟု ကုမ္ပဏီဥက္ကဋ္ဌ ဘရက်တေလာကလည်း ကြေညာချက်တစ်ခုတွင် အတည်ပြုထားကြောင်း သိရသည်။

OpenAI ကို ဝယ်ယူရန်ကမ်းလှမ်းရာတွင် အဆိုပါကုမ္ပဏီ၏ ပိုင်ဆိုင်မှုအားလုံး၊ ရန်ပုံငွေအသုံးပြုမှုများနှင့် ယင်းကုမ္ပဏီ၏ ပရဟိတလုပ်ငန်းများဖော်ဆောင်မှုတို့ပါဝင်ကြောင်း အီလွန်မက်၏ ရှေ့နေဖြစ်သူ မာ့တိုဘာရော့က ပြောသည်။

OpenAI ကုမ္ပဏီသည် ပရဟိတအဖွဲ့အစည်းဖြစ်သည်ဟု ထုတ်ပြန်ထားသော်လည်း ၎င်းတို့၏လုပ်ဆောင်ချက်များမှာ စီးပွားရေးဆန်နေသည်ဟု အီလွန်မက်က ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် မတ်လတွင်စွပ်စွဲ၍ OpenAI ကုမ္ပဏီနှင့် တာဝန်ရှိသူတစ်ဦးတို့အား တရားစွဲဆိုခဲ့သေးကြောင်း သိရသည်။

Ref: Xinhua, Ivt

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု ဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့် အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၃ ရက်**တွင် မကွေး တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာအောင်လံမြို့နယ်မိုးကောင်း ကျေးရွာ၊ ကြေးနီချောင်းတံတားစစ်ဆေး ရေးဂိတ်၌ လိုင်စင်မဲ့ Canda 125 မော်တော် ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံ ခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီ လ ၁၃ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၆၇၂၀၀)ကို လည်းကောင်း၊ **ဖေဖော်ဝါရီလ ၁၄ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၁၀)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာ သည့်မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၁၈၃၇၈)ကို လည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၅၆၀၇၅၈၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၄ ရက်**တွင် ကရင် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက် ခဲ့ရာ ဘားအံမြို့၊ အဝေးပြေးကားကြီးကွင်း၌ ဘားအံမြို့မှရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၈)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ်၄၂၇၇၂၀၀၀)နှင့်အဆိုပါပစ္စည်း များတင်ဆောင်ထားသည့် Yutong Bus (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၈၂၇၇၂၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေး ဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(၁၄) ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၃၀၀၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ရန်ကုန် မြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၇၂၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ် စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေး မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၄၉၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head (၁)စီးနှင့်နောက်တွဲယာဉ်(၁)တွဲ(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေး ဂိတ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင် လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Mini Bus (၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို လည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၉၁၉၉၃၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ဥက္ကလာပမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ အမှတ်(၁၂၃)၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နှင့် ၁၄ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၅၀၈၈၈)**ကို ဖမ်းဆီးရမိခဲ့ပါသည်၊ နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှု စီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုး သက်ရောက်ခြင်းကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီး စစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရ သည်။

**(သတင်းစဉ်)**

---

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၁၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၁၅ | ၃၂၃၀ | ၄၅၀၅ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၈၄၅ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | - | ၃၀၉၅ | ၂၈၂၀ | ၂၈၂၀ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၅ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၁၅ | ၃၇၇၀ |
| HSD (10 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | - | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၁၅ | ၃၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၆ | ၃၀၈၀ |
| 95 Ron | ၃၀၄၁ | ၃၁၃၆ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၃၁၈၆ | ၃၂၈၀ |
| HSD (10 ppm) | ၃၁၈၆ | ၃၂၈၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**





### အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သစ်ကြိမ်းအုပ်စု၊ ကြို့ကုန်းကျေးရွာနေ အဘ ဦးဇော်ဦး(ကွယ်လွန်)၊ အမိ ဒေါ်ဝင်းမော် ၉/လဝန(နိုင်)၂၁၈၃၃၅ ၏သား အ.ထ.က(ရေနီ)ကျောင်း Grade-10(C) (သင်ဆဲ)ကျောင်းဝင်အမှတ် ၁၄၁/၂၄ မောင်ထက်အိန္ဒြေအား မောင်မင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းထက်

### အမည်ပြောင်း

ပုသိမ်မြို့နယ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အ.ထ.က(ကြက်ပေါင်)၊ Grade-10(STEAMs-2) တွင် ပညာသင်ကြားနေသော (ဘ)ဦးမောင်မောင်ဝင်း ၁၄/ပသန(နိုင်)၀၀၂၄၁၂ ၏သား ကျောင်းဝင်အမှတ်(၀၂၄၉)ဖြစ်သူ မောင်စိုးရာဇာအောင်အား ယနေ့မှစ၍ မောင်ဆတ်လွင်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဆတ်လွင်နိုင်

### ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီးကျေးရွာအုပ်စု၊ ကျွန်းချောင်းကျေးရွာနေ မခင်မာလွင်မိုး(ဘ)ဦးကျော်မိုး ၇/ညလပ(နိုင်)၁၈၁၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၁၅၃၉၂၁၀

### ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(ခွဲ)၊ (ရွှေပြည်ရန်နိုင်)Grade-8 မှ မထက်နန္ဒာယွန်း၏ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၉/တကန(နိုင်)၂၂၈၂၆၂ ဖြစ်ပါကြောင်း။

ဦးဇော်ဝင်း

### ပျောက်ဆုံးကြောင်း

အရှင်ပညာဒီပ(ခမည်းတော်)ဦးခင်ညွန့် ၁၀/ခဆန(နိုင်)၀၀၀၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၈၂၂၀၀၀၇

### ပျောက်ဆုံးကြောင်း

ဟိန်းဝေယံဘို(ဘ)ဦးဝင်းကျော်ထွန်း ၁၂/ဥကတ(နိုင်)၂၂၅၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၅၄၈၁၈၃၃

### ပျောက်ဆုံးကြောင်း

သက်နွယ်ဇင်(ဘ)မြင့်အောင် ၁၂/မရက(နိုင်)၁၅၂၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မဠူ(ဘ)ဦးဝင်း ၁၂/သဃက(နိုင်)၀၄၂၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ရန်ကုန်မြို့ရှိ ဆေးသိုလှောင်ရုံများနှင့် နေပြည်တော်ဆေးသိုလှောင်ရုံများမှ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ပုံနှိပ်ပစ္စည်းများအား တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် သက်တမ်းရှိကုမ္ပဏီများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.25.Transport($3^{rd}$)(2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၈-၂-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၃-၃-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန


**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**



### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ နယ်မြေ(၁၄)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၀-ခ/သီရိမင်္ဂလာ)၊ ဦးပိုင်အမှတ်(၄၁/၄၇)၊ မြေကွက်အမှတ်(၈၅/၉၁)နေ ဒေါ်သီတာအေး(၉/မထလ(နိုင်)၀၅၇၃၆၉)ကိုင်ဆောင်သူမှ(အလျား ၂၇'-၀" x အနံ ၁၈'-၀")Steel Structure(၂)ထပ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### ပျောက်ဆုံးကြောင်း

ရီရီဌေး(ဘ)ဦးသာထို ၁၂/စခန(နိုင်)၀၂၃၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


## ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားစေရန် လူငယ်စကားဝိုင်းကျင်းပ

**မုဒုံ ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဗိုလ်တေဇ)၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွား၍ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာဖတ်ရှိန်ပိုမိုမြင့်မားစေရန်နှင့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာနိုင်စေရန်တို့အတွက် လူငယ်စကားဝိုင်းကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ ဒသမတန်းမှ ကျောင်းသား၊ ကျောင်းသူများက ကြိုတင်ပြင်ဆင်အောင်ပွဲဝင်၊ လူငယ်နှင့် မူးယစ်ဆေး၊ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင်၊ လူငယ်နှင့်ယဉ်ကျေးမှုတန်ဖိုးခေါင်းစဉ်တို့ဖြင့် အသီးသီး ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက အမေးအဖြေများဖြင့် အပြန်အလှန်ဆွေးနွေးကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**ဘားအံ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျားကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျားကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အငှမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦး စုစုပေါင်းအသင်းသား ၄၅ ဦးအား မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၀၅ သိန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဘိုဘို**

## မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရေနံချောင်း ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများက မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)ကျောင်းဝင်းအပြင်ဘက် လမ်းဘေးဝဲယာတစ်လျှောက်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဝင်း အပြင်ဘက် လမ်းဘေးဝဲယာတစ်လျှောက်ရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းများကို ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်းကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် စနစ်တကျသိမ်းဆည်းစွန့်ပစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၁၅-၂-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၅၂၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်တွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ် ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။

(၅၀၀)

❖ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေရန်လိုအပ် . . .

❖ ပညာရေးသည်အခြေခံဖြစ်သဖြင့် အဓိကကျ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း MRTV DVB – T2 စနစ်ဖြင့် ရန်ကုန်၊ နေပြည်တော် (ပျဉ်းမနား)နှင့် စစ်ကိုင်း(မန္တလေး)တို့တွင် High Definition (HD) အရည်အသွေးဖြင့် ရုပ်သံလိုင်း(၁၂)လိုင်းထုတ်လွှင့်နေမှုမှ (၁)လိုင်း ထပ်မံတိုးချဲ့၍ Mahar HD ရုပ်သံလိုင်းအသစ်ထုတ်လွှင့်မှုအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီဒီယာဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏(၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ **စာမျက်နှာ ၅ ကော်လံ ၁ ⊃**

**မြန်မာ့ဂုဏ်ဆောင်သည့်ကမ္ဘာ့အကောင်းဆုံးဆန် (World Best Rice)**

ဆောင်းပါး စာ - ၁၃ သို့

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၇၉၉ ဦး ထိန်းသိမ်းနိုင်ခဲ့ပြီး ၆၁ ဦးကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကာ ၇၃၈ ဦး ဆက်လက်လွှဲပြောင်းပေးအပ်နိုင်ရေးညှိနှိုင်းဆောင်ရွက်လျက်ရှိ**

စာ - ၂၂ သို့

